# သမ္မာကျမ်းစာ သမိုင်း အမေးအဖြေ

## ဓမ္မသစ်ကျမ်းစာ သမိုင်း အချုပ်

**Juniors (Level II)**
**Book 2 of 2**

*by* **Rev G Vanden Berg**
*edited by* **J J Lim**
*with invaluable contributions by* **David Higgs**

February 2011 edition

Copyright © Gratia Dei Sola Media

# သမ္မာကျမ်းစာ သမိုင်း အမေးအဖြေ –ဓမ္မသစ်ကျမ်းစာ သမိုင်း အချုပ်

(Juniors- Book 2/2)

by Rev G Vanden Berg
edited by J.J. Lim
with invaluable contributions by Ps David Higgs

Original version by Rev G Vanden Berg is property of the Protestant Reformed Churches of America
J.J.Lim edited version© 2011 by Pilgrim Covenant Church

Myanmar language version© Gratia Dei Sola Media

Blk 203B, Henderson Road, #07-07, Singapore 159546.
Website:www.gdsmedia.org
Email:gdsmedia@gmail.com

All rights reserved.

မြန်ဘာသာပြန်ဆိုသူ– ဆရာဦးဇမ်လမ့်ထန်
စာတိုက်သေတ္တာအမှတ် (၁၀၅၇)
ရန်ကုန်မြို့။
Email: dzlthang@gmail.com

**အသင်းတော်အတွင်းကန့်သတ်ထုတ်ဝေသည်**

## စကားချီး

၁၉၅၅ မှ ၆၀ခုနှစ်အတွင်း the Synod of the Protestant reformed Churches ၏ဆုံးဖြတ်ချက်နှင့်အညီ ဤစာအုပ်ကိုထုတ်ဝေထားပါသည်။ ၎င်း၏ရည်ရွယ်ချက်သည် ကိုးနှစ်နှင့်ဆယ်နှစ်အရွယ်ကလေးသူငယ်များအားအမေးအဖြေနှင့်ပတ်သက်သောလမ်းညွှန်ချက်အခြေခံကို စီမံဆောင်ရွက်ပေးရန်အတွက်ဖြစ်သည်။ ဤစာအုပ်ထဲတွင်ရှိသော သင်ခန်းစာနှစ်ဆယ့်ငါးခုတို့သည် ဓမ္မသစ်ကျမ်းစာကိုအခြေခံထားပြီး၊ သမ္မာကျမ်းစာ၏အကြောင်းအရာများနှင့်သမိုင်းရာဇဝင်အဖြစ်အပျက်များကို အဓိကထား၍ဖော်ပြထားပါသည်။ နောက်ဆက်တွဲလေ့ကျင့်ခန်းငါးခုစီပြန်လည်လေ့ကျင့်ခြင်းထည့်သွင်းလျှင် စာအုပ်ထဲတွင်ရက်သတ္တပတ် သုံးဆယ်လေ့ကျင့်ရမည့်သင်ခန်းစာပါဝင်မည်ဖြစ်သည်။ ဤစာအုပ်ထဲတွင် ပါမေက္ခအိပ်ချ်၊ စီ၊ ဟုပ်(ဒ်)စဲမ (HC Hoeksema)ပြင်ဆင်ထားသော ဓမ္မဟောင်းကျမ်းစာ သမိုင်းအကျဉ်းချုပ်များနှင့်ဒွန်တွဲထားပါသည်။ Seniors သမားများအတွက် ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းများဒွန်တွဲ ၍သင်ယူသင့်ပါသည်။ ဤစာအုပ်ထဲတွင် စဉ်းစားရန်အမေးအဖြေများလည်းပါဝင်သည်။ ဤစာအုပ်ကို အသင်းတော်တွင် အသုံးပြုနိုင်ရန်အတွက်ကူညီပြင်ဆင်ပေးထားခဲ့သော the Catechism Book Committee နှင့် the Catechism Reviewing Committee များအပေါ် စာရေးသူကကျေးဇူးဥကာတရတင်လျက်ရှိကြောင်းမှတ် တမ်းတင်ထားပါသည်။

ဘုရားသခင်သည် သူ၏လူများအား ဝိညာဉ်ရေးရာညွှန်ကြားခြင်းနှင့်တည်ဆောက်ခြင်းရှိနိုင်ရန်အတွက် ဤစာအုပ်ကိုအသုံးပြုပါစေ။

- G Vanden Berg

အသင်းတော်တွင် လူငယ်များအားသမ္မာကျမ်းစာအမေးအဖြေအားဖြင့် လမ်းညွှန်ခြင်းသည်ရှေးကနဦးမှစတင်၍ယနေ့ထိတိုင်အသုံးပြုနေသော နည်းစနစ်တစ်ခုဖြစ်သည်။ ယခု ထုတ်ဝေလျက်ရှိသော စာအုပ်ငယ်သည် သမ္မာကျမ်းစာ၏အခြေခံကျသောအချက်အလက်များနှင့်သမိုင်းများကိုစုစည်းတင်ပြထားပါသည်။ ၎င်းတို့သည် *Westminster Shorter Catechism* ၌အသုံးပြုသည့်နည်းတူ၊ *the Doctrinal Catechisms* ၏အခြေခံအုတ်မြစ်အဖြစ်အသုံးပြုနိုင်ပါသည်။ ၎င်းတို့ကို the Pilgrim Covenant Church တွင် စတင်အသုံးပြုသည်။ မူရင်းစာသားမှမှားယွင်းစာသားအချို့တို့ကိုအမှားပြုပြင်ထားကာ၊မေးခွန်းများပြေပြစ်စွာဖြေကြားနိုင်ရန်အတွက် အဖြေများကိုလည်းပြုပြင်ထားပါသည်။ မိဘများက ဤမေးခွန်းများကို အစမှကောင်းမွန်စွာအသုံးပြုလျှင် ကလေးသူငယ်များသည် သူတို့ကိုယ်တိုင်မေးခွန်းများကိုဖတ်တတ်ကာ အစပထမသင်ကြားခဲ့ သောစီးရီးနှင့်နှိုင်းယှဉ်လျှင် သူတို့သည် အဖြေများကိုကောင်းမွန်စွာကျက်မှတ်နိုင်ကြမည်ဖြစ်သည်။ ၎င်းသည် သူတို့၏ကိုယ်ပိုင်ကျက်မှတ်နိုင်သောအစွမ်းအစပေါ်တွင်မမူတည်ဘဲ၊ သူတို့၏လေ့ကျက်မှု ပေါ်တွင် မူတည်သည်။ ထို့ပြင် သူတို့သည် အမေးအဖြေများကို ကျက်မှတ်ရာတွင် အရင်တုန်းက ထက် ပို၍ပျော်ရွှင်မှုရှိသည်ကိုလည်း တွေ့ရှိပါလိမ့်မည်။ သို့ရာတွင် ကလေးငယ်များသည် တစ်ပတ်တွင် တစ်ကြိမ်ထက်မနည်းလေ့ကျက်ပေးရန်နှင့်မကြာခဏသင်ကြားပေးရန်လိုအပ်သည်။ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့်အတူ၊ ဆုတောင်းခြင်းအားဖြင့် သူတို့ကို သင်ကြားပေးရမည်။ သို့မှသာသမ္မာကျမ်းစာအကြောင်းနှင့်ခံယူချက်တို့သည် သူတို့၏စိတ် နှလုံးသားထဲတွင် အမြစ်တွယ်မည်ဖြစ်သည်။ တနေ့နေ့ကျရင်သူတို့၏စိတ်နှလုံးသားထဲတွင် ခရစ်တော်၏ဘုန်းတော်ထင်ရှားစေ သောအသီးအပွင့်များတွေ့မြင်နိုင်မည်ဖြစ်သည်။ မိခင်များအနေဖြင့်၊ ကလေးငယ်များ အမှားပြုမိပြီး သွန်သင်ရန် ခက်ခဲသောအချိန်များတွင် စိတ်တိုခြင်းမရှိဘဲ စိတ်ရှည်သည်းခံစွာဖြင့်သွန်သင်ရန် လိုအပ်သည်။ ဖခင်များအနေဖြင့် ကလေးငယ်များသည် သူတို့ကျက်မှတ်ထားသောသမ္မာတရားများ နားလည်ရန် ရှင်းပြရမည်။ သူတို့ကျက်မှတ်ထားသောအကြောင်းအရာများအားဖြင့် သူတို့သည် ခရစ်တော်ထံ သို့ပြန်လာနိုင်ရန်ရှင်းပြတတ်ရမည်။

ဘုရားသခင်၏နည်းလမ်းအားဖြင့် ကျွန်ုပ်တို့ကလေးငယ်များလမ်းညွှန်ရန် ကျွန်ုပ်တို့၏အနည်းငယ်ကြိုးပမ်းမှုအပေါ်ဘုရားသခင်က ကောင်းချီးပေးပါစေ။

*-JJ Lim, June 2004*

Copyright © Gratia Dei Sola Media

သင်ခန်းစာ ( ၁ )

# ဗတ္တိဇံယောဟန်မွေးဖွါးခြင်း

## လုကာ ၁

၁။ ခရစ်တော်ကြွလာမည့်လမ်းပြင်ဆင်ရန်ဘုရားသခင်က မည်သူ့ကိုစေလွှတ်ခဲ့သနည်း။
ဗတ္တိဇံယောဟန်ကိုစေလွှတ်ခဲ့သည်။ (လုကာ၁း၇၆–၇၉၊ cfဟောရှာ၄၀း၃၊မဿဲ၃း၁–၃)။

၂။ ဗတ္တိဇံယောဟန်၏မိဘများသည် မည်သူတွေဖြစ်ခဲ့ကြသနည်း။
ဘုရားသခင်ကို ကြောက်ရွံ့သောဇာခရိနှင့်ဧလိရှဗက်တို့ဖြစ်ကြသည်။(လုကာ၁း၅–၁၃)။

၃။ ယောဟန်မွေးဖွါးခြင်းအကြောင်းကို သမ္မာကျမ်းစာက မည်ကဲ့သို့ဖော်ပြထားသနည်း။
သူ၏ဖခင်အလွန်အမင်းမအိုမီတိုင်အောင် သူသည် မမွေးဖွါးရ ဟုဖော်ပြထားပါသည်။
(လုကာ ၁း၇၊ ၁၈)

၄။ ဘုရားသခင်သည် အဘယ်ကြောင့်ဇာခရိနှင့်ဧလိရှဗက်တို့အိုမင်းသည့်အထိစောင့်ခဲ့ရသနည်း။
ယောဟန်မွေးဖွါးခြင်းသည် ကျေးဇူးတော်ဖြစ်မည့်အကြောင်းဖြစ်သည်။(လုကာ၁း၃၆–၃၇)

၅။ ဗတ္တိဇံယောဟန်မွေးဖွါးသည့်အကြောင်းကို မည်ကဲ့သို့ ကြွေးကြော်ထားခဲ့သနည်း။
ဗိမာန်တော်တွင် ကောင်းကင်တမန် ဂါဗြေလက ဇာခရိအားဖွင့်ပြောခဲ့သည်။(လုကာ
၁း၁၃–၁၇)

၆။ ဗိမာန်တော်တွင် ဇာခရိသည် ဘာလုပ်ခဲ့သနည်း။
သူသည် ဗိမာန်တော်တွင် နံ့သာပေါင်းကို မီးရှို့ခဲ့သည်။(လုကာ ၁း၈–၉)

၇။ ဇာခရိသည် သူ၏မယုံကြည်ခြင်းကြောင့် ဘာနိမိတ်လက္ခဏာရရှိခဲ့သနည်း။
ကောင်းကင်တမန်ဖွင့်ပြောသောအရာများအကောင်အထည်မဖော်မီ သူသည် စကား
မပြောတတ်ခဲ့ပါ။(လုကာ ၁း၁၉–၂၀၊ ၂၂)

၈။ ဇာခရိသည် အဘယ်ကြောင့်ကောင်းကင်တမန်ပြောသောစကားကိုမယုံခဲ့သနည်း။
သူနှင့်သူ၏မယားတို့သည် မလွန်အိုရင့်နေကြပြီဖြစ်သောကြောင့်ဖြစ်သည်။ (လုကာ
၁း၁၈–၂၀)

၉။ ဘုရားသခင်က ဇာခရိကို တဖန်စကားပြောခွင့်ပေးခဲ့သလား။
ဇာခရိသည်ယောဟန်ဟုအမည်မှည့်သောအခါ ဘုရားသခင်က သူ၏နှုတ်ကိုပြန်ဖွင့်
ပေးခဲ့ကာ စကားပြောနိုင်သောအခွင့်ကိုပေးခဲ့သည်။ (လုကာ ၁း၆၃–၇၉)

၁၀။ ဗတ္တိဇံယောဟန်သည် နာဇရိလူဖြစ်ရမည်ဟု ဖော်ပြခြင်းသည် ဘာကိုဆိုလိုသနည်း။
သူသည် ငယ်ရွယ်သောအချိန်မှစ၍ဘုရားသခင်အတွက်သီးသန့်ထားရှိသောသူဖြစ်
သည်ကို ဆိုလိုသည်။ (လုကာ ၁း၁၅၊ cf တောလည် ၆း၁–၈)

ရွှေကျမ်းချက်။ ။ ''အချင်းသူငယ်၊ သင်သည်လည်း အမြင့်ဆုံးသောဘုရားသခင်၏ပ
ရောဖက်ဟုခေါ်ဝေါ်ခြင်းကိုခံရလိမ့်မည်။အကြောင်းမူကား၊ ငါတို့ဘုရားသခင်၏သနားတော်
မူခြင်းကျေးဇူးတော်အားဖြင့်အပြစ်ဖြေ၍ကယ်တင်ခြင်းသို့ရောက်နိုင်ကြောင်းကိုဘုရားသခင်
၏လူမျိုးအားဖော်ပြသဖြင့်၊ ထာဝရဘုရား၏လမ်းခရီးတော်ကိုပြင်ဆင်ခြင်းငှါသင်သည် ရှေ့
တော်၌သွားရလိမ့်မည်''။ (လုကာ ၁း၇၆၊၇၇)



သင်ခန်းစာ ( ၂ )

# သခင်ယေရှုမွေးဖွါးခြင်းနှင့် သူ၏ငယ်စဉ်ဘ၀အစောပိုင်း

## လုကာ ၂၊ မဿဲ ၂

၁။ မည်သူက သခင်ယေရှုဖွါးမြင်ခြင်းကို မာရိထံဟောပြောခဲ့သနည်း။
ဗတ္တိဇံဆရာယောဟန်မွေးဖွါးခြင်းကိုကြွေးကြော်သော ကောင်းကင်တမန်ဂါဗြေလဖြစ်
သည်။(လုကာ ၁း၂၆)

၂။ မာရိသည် မည်သူဖြစ်သနည်း။
ဒါဝိဒ်အမျိုးအနွယ်မှဆင်းသက်လာသော အပျိုကညာဖြစ်သည်။(လုကာ ၁း၂၇)

၃။ သခင်ယေရှုသည် မည်သည့်နေရာတွင် ဖွါးမြင်ခဲ့သနည်း။
ဒါဝိဒ်မြို့တော် ဗက်လဟင်မြို့တွင် ဖွါးမြင်ခြင်းခံခဲ့သည်။(မဿဲ ၂း၁၊လုကာ ၂း၁–၆)

၄။ သခင်ယေရှုဖွါးမြင်ခြင်းကို ပထမဦးဆုံးမည်သူတွေကကြားသိခဲ့ကြသနည်း။
ဗက်လင်မြို့ရှိ သိုးများကိုထိန်းကျောင်းနေသော သိုးထိန်းများဖြစ်ကြသည်။ (လုကာ
၂း၁၂)။

၅။ သိုးထိန်းများထံ ကောင်းကင်တမန်များက ဘာနိမိတ်ကို ပေးအပ်ခဲ့သနည်း။
''သူငယ်သည် အဝတ်နှင့်ပတ်ရစ်၍နွားစားခွက်၌သိက်ထားလျက်ရှိသည်ကို တွေ့ကြ
လိမ့်မည်။'' (လုကာ ၂း၁၂)

၆။ သူသည် ရက်ပေါင်းလေးဆယ်ကြာသောအခါ ယောသနှင့်မာရိတို့က သူ့ကို မည်သည့်
နေရာသို့ ခေါ်သွားခဲ့ကြသနည်း။
ဘုရားသခင်ထံသို့ဆက်ကပ်ရန် ဗိမာန်တော်သို့ခေါ်သွားခဲ့ကြသည်။ (ဝတ်ပြု ၁၂း၁–
၄၊ ၆၊ လုကာ ၂း၂၁–၂၄၊ ၂၇)

၇။ ဗိမာန်တော်၌ မာရိနှင့်ယောသတို့က မည်သူ့ကိုတွေ့ခဲ့ကြသနည်း။
ခရစ်တော်ဖွါးမြင်ခြင်းကိုကြိုတင်ဟောပြော၍ ပျော်မွေ့သော ရှုမောင်ကိုတွေ့ခဲ့ကြသည်။
(လုကာ ၂း၂၅–၃၅)

၈။ သခင်ယေရှုကို ကိုးကွယ်ရန် အရှေ့ပြည်မှ မည်သူတွေရောက်ရှိလာခဲ့ကြသနည်း။
ခရစ်တော်မွေးဖွါးမည့်နေရာကိုရှာဖွေရန် သူ၏ကြယ်ကိုတွေ့ခဲ့၍ဟေရုဒ်မင်းကြီးထံမေး
မြန်းသော ပညာရှိပုဂ္ဂိုလ်များဖြစ်သည်။ (မဿဲ ၂း၁–၁၁)

၉။ သူတို့သည် ဟေရုဒ်မင်းကြီးထံပြန်မလာကြသောအခါ သူကဘယ်အရာပြုခဲ့သနည်း။
သူသည် ဗက်ဟင်မြို့တွင်ရှိသောနှစ်နှစ်အောက်ကလေးသူငယ်အားလုံးသတ်ခဲ့သည်။
(မဿဲ ၂း၁၆–၁၈)

၁၀။ သခင်ယေရှုသည် ဆယ်နှစ်နှစ်ရှိသောအခါ မည်သည့်နေရာသို့သွားခဲ့သနည်း။
သူသည် ယေရုရှလင်မြို့ဗိမာန်တော်သို့သွားကာကျမ်းတတ်ပုဂ္ဂိုလ်များမေးသော ခက်ခဲ
သောမေးခွန်းများကို ဖြေကြားခဲ့သည်။ (လုကာ ၂း၄၂–၄၉)

ရွှေကျမ်းချက်။ ။ (လုကာ ၂း၇–၁၄)
''သားဦးကိုဘွားမြင်၍အဝတ်နှင့်ပတ်ရစ်ပြီးမှ၊ ဧည့်သည်တည်းရာစရပ်၌နေရာမရှိ သော
ကြောင့်၊ သူငယ်ကို နွားစားခွက်၌သိပ်ထားလေ၏။ ။'' (ကျမ်းစာကိုကြည့်ပါ)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ ( ၃ )

# ဗတ္တိဇံယောဟန်၏သာသနာလုပ်ငန်း

### လုကာ ၃း၁–၂၀၊ မဿဲ ၃း၁–၁၂

၁။ ဗတ္တိဇံယောဟန်သည် မည်သည့်နေရာတွင် လှုပ်ရှားခဲ့သနည်း။
ယောဒန်မြစ်နားသဲကန္တာရတွင် လှုပ်ရှားခဲ့သည်။ (မဿဲ ၃း၁–၆၊ လုကာ ၃း၂–၃၊၇)
၂။ ယောဟန်သည် မည်သည့်အစာကိုစားပြီး၊ မည်သို့ဝတ်ဆင်ခဲ့သနည်း။
သူသည် ကျိုင်းကောင်နှင့်ပျားရည်ကိုစားပြီး၊ကုလားအုပ်အမွေးဖြင့်ရက်သောအဝတ်ကို
ဝတ်ခဲ့သည်။ (မဿဲ ၃း၄)
၃။ ယောဟန်၏အလုပ်သည် မည်သည့်အရာဖြစ်သနည်း။
သူသည် တရားဟော၍နှစ်ခြင်းပေးခဲ့သည်။ (လုကာ ၃း၃–၆၊ ၁၆)
၄။ ဟောဟန်သည်မည်သည့်တရားကို ဟောပြောခဲ့သနည်း။
''နိုင်ငံတော်တည်လုနီးပြီ၊ နောင်တရကြလော့'' ဟူသောတရားကို ဟောပြောခဲ့သည်။
(မဿဲ ၃း၁–၂၊ ၇–၁၁၊ လုကာ ၃း၇–၈)
၅။ လူအများအပြားက ယောဟန်ဟောပြောသောတရားကိုယုံကြည်ခဲ့ကြသလား။
လူများစွာတို့သည် ယုံကြည်ခဲ့ကြပြီး၊နှစ်ခြင်းခံခဲ့ကြသည်။ (မဿဲ ၃း၅–၆)
၆။ ယောဟန်သည် မည်သူဖြစ်ကြောင်းကိုမေးမြန်းရန် မည်သူ ရောက်လာခဲ့သနည်း။
ယေရုရှလင်မြို့မှဖာရိရှဲနှင့်ဇဒ္ဒုကဲတို့၏ကိုယ်စားလှယ်များရောက်လာခဲ့ကြသည်။ (မဿဲ
၃း၇)
၇။ ယောဟန်သည် နောက်တနေ့တွင် ခရစ်တော်ကိုမည်သို့ပြောခဲ့သနည်း။
''ဤလောက၏အပြစ်ကိုယူဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့''
ဟု သူပြောခဲ့သည်။ (ယောဟန် ၁း၂၉)
၈။ ယောဟန်ကသူ၏တပည့်များအားအဘယ်အရာကိုလုပ်ဆောင်ရန် တိုက်တွန်းခဲ့သနည်း။
သူ့ကိုစွန့်ခွါရန်နှင့်သခင်ယေရှုနောက်သို့လိုက်ရန်တိုက်တွန်းခဲ့သည်။(ယောဟန်၁း၂၉–၃၀)
၉။ နောက်နောင်တွင် သခင်ယေရှုသည် ယောဟန်အကြောင်းကို မည်သို့ပြောခဲ့သနည်း။
ယောဟန်သည်ဓမ္မဟောင်းကျမ်းပရောဖက်များထဲတွင် အကြီးမြတ်ဆုံးဖြစ်သည်ဟု
ပြောခဲ့သည်။ (မဿဲ ၁၁း၇–၁၁၊ လုကာ ၇း၂၄–၂၈)
၁၀။ ယောဟန်သည် ဟေရုဒ်မင်းကြီး၏အပြစ်များကို ဖော်ပြသောအခါ သူကမည်
သို့ဆောင်ခဲ့သနည်း။
ဗတ္တိဇံယောဟန်ကို ထောင်ထဲ၌ ချည်နှောင်ထားခဲ့သည်။ (လုကာ ၃း၁၈–၂၀)

ရွှေကျမ်းချက်။ ။ ''ယောဟန်သည် လူအပေါင်းတို့အားပြန်ပြောသည်ကား၊ ငါသည်သင်တို့အား ရေ၌ဗတ္တိဇံကိုပေး၏။ ငါ့ထက်တတ်စွမ်းနိုင်သောသူသည် ကြွလာသေး၏။ ထိုသူ၏ခြေနင်းတော်ကြိုးကိုမျှဖြည်ခြင်းငှါ ငါမထိုက်။ ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်၌၎င်း၊ မီး၌၎င်း သင်တို့ကို ဗတ္တိဇံပေးမည်။'' (လုကာ ၃း၁၆)



## သင်ခန်းစာ ( ၄ )

# သခင်ယေရှုနှစ်ခြင်းခံခြင်းနှင့်စုံစမ်းနှောင့်ယှက်ခြင်းများ

### မဿဲ ၃း၁၃–၄း၁၁

၁။ သခင်ယေရှုသာသနာပြုသောအချိန်တွင် သူ့အသက်မည်မျှရှိခဲ့သနည်း။
အသက်သုံးဆယ်ရှိခဲ့သည်။ (လုကာ ၃း၂၁–၂၃)
၂။ သခင်ယေရှုသည် သူ၏သာသနာလုပ်ငန်းကို မည်သို့စတင်ခဲ့သနည်း။
သူသည်ယောဒန်မြစ်သို့သွား၍ယောဟန်ကသူ့ကိုနှစ်ခြင်းပေးခဲ့သည်။(မဿဲ၃း၁၃–၁၅)
၃။ သခင်ယေရှုနှစ်ခြင်းခံသည့်အချိန်တွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ကောင်းကင်ဖွင့်လှစ်၍ သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့သူ့အပေါ်သို့
ဆင်းသက်ခဲ့သည်။ (မဿဲ ၃း၁၆–၁၇၊မာကု ၁း၈–၁၁)
၄။ ကောင်းကင်မှအသံတော်က မည်သည့်အရာကို ဖွင့်ပြောခဲ့သနည်း။
''ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း။'' (မဿဲ ၃း၁၇)
၅။ သခင်ယေရှုနှစ်ခြင်းခံခဲ့ပြီးနောက် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
မာရ်နတ်၏စုံစမ်းခြင်းခံရန် ဝိညာဉ်တော်ကသူ့ကို တောထဲသို့ချီဆောင်သွားခဲ့သည်။
(မဿဲ ၄း၁၁)
၆။ မာရ်နတ်သည် မည်သူဖြစ်သနည်း။
သူသည် ကောင်းကင်မှကျဆင်းလာသော ကောင်းကင်တမန်အကြီးအကဲ၊စာတန်ဖြစ်
သည်။ (ဗျာဒိတ် ၁၂း၉၊ ၂ ပေ ၂း၄၊ ယုဒ ၆)
၇။ သခင်ယေရှုသည် တောထဲတွင် မည်မျှကြာနေခဲ့သနည်း။
သူသည် ရက်ပေါင်းလေးဆယ် အစာမစား၊ ရေမသောက်ဘဲနေခဲ့သည်။ (မဿဲ၄း၂)
၈။ မာရ်နတ်သည် ယေရှုကို မည်မျှ စုံစမ်းနှောင့်ယှက်ခဲ့သနည်း။
မတူညီသောနည်းလမ်းသုံးမျိုးဖြင့် စုံးစမ်းနှောင့်ယှက်ခဲ့သည်။ (မဿဲ ၄း၃–၁၀)
၉။ သခင်ယေရှုသည် မာရ်နတ်စကားကို နားထောင်ခဲ့သလား။
သူက ''အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့'' ဟုမိန့်ဆိုခဲ့သည်။ (လုကာ ၄း၈)
၁၀။ စုံစမ်းခြင်းပြီးဆုံးသွားပြီးနောက် သခင်ယေရှုထံသို့ မည်သူတွေရောက်ခဲ့ကြသနည်း။
သူ့ကို အစေခံရန် ကောင်းကင်တမန်များရောက်ခဲ့ကြသည်။ (မဿဲ၄း၁၁)

ရွှေကျမ်းချက်။ ။ ''ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကိုခံဘူးသောသူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏။'' (ဟေဗြဲ ၄း၁၅)



Copyright © Gratia Dei Sola Media

သင်ခန်းစာ( ၅)

# သခင်ယေရှု၏သာသနာလုပ်ငန်းစတင်ခြင်း

## ယောဟန် ၁း၃၅–၃း၃၆

၁။ သခင်ယေရှု၏သာသနာလုပ်ငန်းကို ဘယ်အချိန်တွင်ပြီးဆုံးခဲ့သနည်း။
သုံးနှစ်နှင့်ခြောက်လကြာသွားပြီးနောက်ပြီးဆုံးခဲ့သည်။
၂။ သခင်ယေရှုသည် သူ၏သာသနာလုပ်ငန်းတွင် ရှေးဦးစွာမည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
သူသည် သူ၏တပည့်များကို ရွေးကောက်ခဲ့သည်။
၃။ ပထမဦးဆုံးသောတပည့်တော်များသည် မည်သူတွေဖြစ်ကြသနည်း။
အန္ဒြေ၊ ယောဟန်၊ ပေတရု၊ဖိလိပ္ပု နှင့် နာသနေလတို့ဖြစ်ကြသည်။( ယောဟန် ၁း၃၅–၄၆၊ မဿဲ ၄း၁၈–၂၂)
၄။ ကာနမြို့မင်္ဂလာဆောင်ပွဲတွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူသည် သူ၏ပထမအံ့ဩဖွယ်နိမိတ်လက္ခဏာ ရေကိုစပျစ်ရည်ဖြစ်စေခဲ့သည်။(ယောဟန် ၂း၁–၁၁)
၅။ ဤမင်္ဂလာဆောင်ပွဲပြီးနောက် ယေရှုသည်မည်သည့်နေရာသို့ သွားရောက်ခဲ့သနည်း။
သူသည် ကပေရနောင်မြို့သို့ ရက်အနည်းငယ်သွားခဲ့ပြီးနောက် ယေရုရှလင်မြို့သို့ ပြန်သွားခဲ့သည်။ (ယောဟန် ၂း၁၂–၁၃)
၆။ သခင်ယေရှုသည် ယေရုရှလင်မြို့၌ မည်သည့်အရာပြုလုပ်ခဲ့သနည်း။
ဗိမာန်တော်တွင် ယဇ်ကောင်များအရောင်းအဝယ်ပြုသောသူများကို နှင်ထုတ်ခဲ့သည်။ (ယောဟန် ၂း၁၄–၁၆)
၇။ သူ၏အခွင့်အာဏာမေးသောသူများကို သခင်ယေရှုက မည်သို့ဖြေကြားခဲ့သနည်း။
''ဤဗိမာန်တော်ကို ဖြိုဖျက်ကြလော့။ သုံးရက်အတွင်းတွင် ငါတည်ဆောက်မည်။'' (ယောဟန် ၂း၁၉)
၈။ ညအချိန်တွင် သခင်ယေရှုထံ မည်သူရောက်လာခဲ့သနည်း။
ဖာရိရှဲ၊ ယုဒလူအရာရှိ နိကောဒင် ရောက်လာခဲ့သည်။ (ယောဟန် ၃း၁–၂)
၉။ သခင်ယေရှုသည် နိကောဒင်ထံ မည်သည့်အရာပြောခဲ့သနည်း။
''ဒုတိယမွေးခြင်းမခံသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ'' ဟု ပြောခဲ့သည်။ (ယောဟန် ၃း၃)
၁၀။ လူတွေက သခင်ယေရှုနောက်သို့လိုက်ကြသောအခါ ဗတ္တိဇံယောဟန်စိတ်ဆိုးခဲ့သလား။
သူက ''ထိုသခင်သည် တိုးပွါးခြင်းရှိရမည်။ ငါမူကားဆုတ်ယုတ်ခြင်းရှိရမည်'' ဟု ပြောခဲ့သည်။ (ယောဟန် ၃း၃၀)

ရွှေကျမ်းချက်။ ။''သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကို ပယ်သောသူမူကား အသက်ကိုမတွေ့ရ။ ထိုသူ၏အပေါ်၌ ဘုရားသခင်၏အမျက်တော်တည်နေသည်။'' (ယောဟန် ၃း၃၀)



သင်ခန်းစာ ( ၆ )

# ရှမာရိပြည်နှင့်ဂါလိလဲပြည်၌

## ယောဟန် ၄နှင့်လုကာ ၄း၁၆–၅း၁၁

၁။ သခင်ယေရှုသည် အဘယ်ကြောင့် ဂါလိလဲပြည်မှရှာမရိမြို့သို့ဖြတ်သန်းသွားခဲ့ရသနည်း။
ယာကုပ်ရေကန်နား၌ ရှမာရိမိန်းမနှင့်စကားပြောရန်အတွက်ဖြစ်သည်။(ယောဟန် ၄း၃–၂၄)
၂။ ရှမာရိမိန်းမထံ သခင်ယေရှုက မည်သည့်အရာပြောပြခဲ့သနည်း။
သူသည်ဂတိတော်နှင့်သက်ဆိုင်သောမေရှိယဖြစ်သည်ဟုပြောပြခဲ့သည်။(ယောဟန်၄း၂၅–၂၆)
၃။ သခင်ယေရှုသည် အခြားသောရှမာရိလူများထံ တရားဟောခဲ့သလား။
ရှမာရိမြို့သူမြို့သားများသည်လာ၍ သခင်ယေရှုဟောပြောသောဒေသနာကိုနားထောင် ခဲ့ကြကာ၊ သူသည်ခရစ်တော်ဖြစ်သည်ဟုယုံကြည်ခဲ့ကြသည်။(ယောဟန် ၄း၂၈–၃၀၊၃၉–၄၂)
၄။ ဂါလိလဲပြည်တွင် သခင်ယေရှုကို လက်ခံခဲ့ကြသလား။
ဂါလိလဲမြို့သူမြို့သားများသည် သခင်ယေရှုပြုသောနိမိတ်လက္ခဏာကို မြင်တွေ့ခဲ့ကြသောကြောင့် သူ့ကိုလက်ခံခဲ့ကြသည်။ (ယောဟန် ၄း၄၃–၄၅)
၅။ ဂါလိလဲပြည်ကာနမြို့တွင်သခင်ယေရှုသည်မည်သည့်နိမိတ်လက္ခဏာကိုပြသခဲ့သနည်း။
ကပေရနောင်မြို့တွင်ဖျားနာလျက်ရှိသောအမတ်၏သားကို ကျန်းမာစေခဲ့သည်။ (ယောဟန် ၄း၄၆–၅၄)
၆။ နာဇရက်တရားစရပ်တွင် သခင်ယေရှုသည် မည်သည့်အရာကို ဟောပြောခဲ့သနည်း။
သူသည်ခရစ်တော်ဖြစ်သည်ဟုရည်ညွှန်းသောကျမ်းစာကိုဟောပြောခဲ့သည်။(လုကာ၄း၁၆–၂၁)
၇။ သခင်ယေရှု၏ဆွေမျိုးများက သူ့ကိုယုံကြည်ခဲ့ကြသလား။
သူ့ကိုငြင်းပယ်ခဲ့ကြ၍၊ သူ့ကို သတ်ရန် ကြိုးပမ်းခဲ့ကြသည်။ (ယောဟန် ၄း၂၈–၂၉)
၈။ ယေရှုသည် နာဇရက်မြို့မှ မည်သည့်နေရာသို့သွားရောက်ခဲ့သနည်း။
သူတရားဟော၍အံ့ဩဖွယ်ပြုသောနေရာ ကာပေရနောင်မြို့သို့သွားရောက်ခဲ့သည်။ (ယောဟန် ၄း၃၀–၄၁၊မာကု ၁း၃၁–၄၂)
၉။ သခင်ယေရှုသည် ဂါလိလဲမြစ်တွင် မည်သည့်နိမိတ်လက္ခဏာကို ပြုခဲ့သနည်း။
ငါးများစွာဖမ်းဆီးသောနိမိတ်လက္ခဏာကို ပြုခဲ့သည်။ (လုကာ ၅း၂–၇)
၁၀။ ဤနိမိတ်လက္ခဏာပြီးဆုံးပြီးနောက်ယေရှုသည်မည်သည့်အရာကိုလုပ်ဆောင်ခဲ့သနည်း။
သူသည် သူ၏တပည့်များအား သူတို့၏ပိုက်ကွန်များကိုစွန့်ပစ်၍ သူ့နောက်သို့လိုက်ရန် ပြောခဲ့သည်။ (လုကာ ၅း၈–၁၁)

ရွှေကျမ်းချက်။ ။ ''ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အားဝမ်းမြောက်စရာ သိတင်းစကားကိုကြားပြောစေခြင်း ငှါ ငါ့ကိုဘိသိက်တော်မူပြီ။ ကြေမွသောသူတို့၏အနာကိုပျောက်စေခြင်းငှါ၄င်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အားလွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အားမျက်စိမြင်ပြန်ခြင်းအကြောင်းကိုပြစေခြင်းငှါ၄င်း၊ညှဉ်းဆဲခံသောသူတို့ကိုကယ်မစေခြင်းငှါ၄င်း၊ထာဝရဘုရား၏မင်္ဂလာနှစ်ကာလကိုကြားပြောစေခြင်းငှါ၄င်း၊ငါ့ကိုစေလွှတ်တော်မူပြီဟု လာသတည်း။ ''(လုကာ ၄း၁၈၊ ၁၉)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ ( ၇ )

# ဂါလိလဲမြို့၌ သာသနာပြုခြင်း

## ယောဟန် ၅ နှင့် မဿဲ ၅–၁၀

၁။ သခင်ယေရှုသည် အဘယ်ကြောင့် ဂါလိလဲမြို့ကို ခဏစွန့်ခွါသွားခဲ့ရသနည်း။
ယေရုရှလင်မြို့တွင် ယုဒလူမျိုးများပွဲကျင်းပရန်အတွက်ဖြစ်သည်။ (ယောဟန် ၅း၁)
၂။ ယေရုရှလင်မြို့ဗေသေသဒအိုင်တွင် ယေရှုသည်မည်သည့်အရာကိုပြုလုပ်ခဲ့သနည်း။
သူသည် ဥပုဒ်နေ့တွင် ခြေမသန်စွမ်းသောလူတစ်ဦးကိုကျန်းမာစေခဲ့သည်။ (ယောဟန် ၅း ၂–၉)
၃။ ထိုအံ့သြဖွယ်နိမိတ်လက္ခဏာကြောင့် ယုဒလူမျိုးများအား မည်သို့စိတ်ဒုက္ခရောက်စေ ခဲ့သနည်း။
သူတို့သည် အလွန်စိတ်ဆိုးခဲ့ကြ၍ သခင်ယေရှုသည် ဥပုဒ်နေ့ချိုးဖောက်သည်ဟုစွပ်စွဲခဲ့ကြသည်။
(ယောဟန် ၅း၁၀–၁၆၊၁၈)
၄။ သခင်ယေရှုဥပုဒ်နေ့ချိုးဖောက်သည်ဟုပြစ်တင်ဝေဖန်ခြင်းသည် မှန်ကန်သလား။
သူသည် ဥပုဒ်နေ့တွင်ကောင်းသောအရာကို ပြုလုပ်ခဲ့သောကြောင့် သူ့ကို ပြစ်တင်ဝေဖန်ခြင်းသည်
မှားသည်။ (ယောဟန် ၅း၁၇၊ ၁၉–၂၃)
၅။ ယေရှုသည် ဂါလိလဲမြို့သို့ပြန်ရောက်သောအခါ ဘာတရားကိုဟောပြောခဲ့သနည်း။
တောင်ပေါ်ဒေသနာကို ဟောပြောခဲ့သည်။ (မဿဲ ၅–၇)
၆။ ဤဒေသနာ၏အဓိကအကြောင်းအရာသည် မည်သည့်အရာဖြစ်သနည်း။
ကောင်းကင်နိုင်ငံတော်အကြောင်း၊ ကောင်းကင်နိုင်ငံတော်သားများဖြစ်ခြင်း၏အမှတ် အသားနှင့်
ပျော်ရွှင်ခြင်းဖြစ်သည်။ (ဥပမာ–မဿဲ ၅း၃–၁၁)
၇။ ကပေရနောင်မြို့တွင် ခဏကြာသွားခဲ့ပြီးနောက် သခင်ယေရှုက မည်သူ့ကို ကျန်းမာစေခဲ့သနည်း။
ယုံကြည်ခြင်းရှိကြောင်းပြသနေသောတပ်မှူး၏တပည့်တစ်ဦးကိုကျန်းမာစေခဲ့သည်။(မဿဲ ၈း၅–၁၃)
၈။ နှစ်ရက်ကြာပြီးနောက် သခင်ယေရှုသည် နာဣနမြို့တွင်မည်သည့်နိမိတ်လက္ခဏာကိုပြု လုပ်ခဲ့သနည်း။
သူသည် မုဆိုးမတစ်ဦး၏သားကို သေခြင်းမှထမြောက်စေခဲ့သည်။(လုကာ ၇း၁၁–၁၅)
၉။ ဤအချိန်တွင် သခင်ယေရှုထံ မည်သူတွေရောက်ရှိလာခဲ့သနည်း။
သူသည် ခရစ်တော်ဟုတ်၊မဟုတ် မေးမြန်းရန်အတွက် ဗတ္တိဇံယောဟန်၏တပည့်နှစ် ဦးတို့ရောက်ရှိ
လာခဲ့သည်။ (မဿဲ ၁၁း၁–၆)
၁၀။ ဗတ္တိဇံယောဟန်သည် မည်သို့သေဆုံးခဲ့ရသနည်း။
ဟေရုဒ်အန္တိပါး(စ်) က သူ့ခေါင်းကိုဖြတ်သတ်ခဲ့သည်။ (မဿဲ ၁၄း၃–၉)
ရွှေကျမ်းချက်။ ။ ''စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံသည် ထိုသူတို့၏နိုင်ငံဖြစ်၏။ စိတ်မသာညည်းတွားသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သက်သာခြင်းသို့ရောက်ကြလတံ့။ စိတ်နူး ညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်ကို အမွေခံရကြလတံ့။ ဖြောင့်မတ်ခြင်းပါရမီကို ဆာတော်ခင်မွတ်သောသူတို့သည် မင်္ဂလာ ရှိကြ၏။အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ရောက်ကြလတံ့။ သနားစုံမက်တတ် သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သနားစုံမက်ခြင်းကို ခံရကြလတံ့။ စိတ်နှလုံးဖြူစင်သောသူတို့သည်မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကို မြင်ရကြလတံ့။ သူတပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သေ သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းကိုခံရကြလတံ့။'' (မဿဲ ၅း၃–၉)



## သင်ခန်းစာ ( ၈ )

# ဂါလိလဲမြို့သို့ဒုတိယအကြိမ်ကြွလာခြင်း

## မဿဲ ၁၁–၁၃ နှင့် လုကာ ၇–၈

၁။ သခင်ယေရှုသည် ဂါလိလဲမြို့သို့ဒုတိယအကြိမ်ကြွလာသောအခါ မည်သို့သောပုံစံဖြင့် တရား
ဟောခဲ့သနည်း။
သူသည် ပုံဥပမာများကိုအသုံးပြု၍ ဟောခဲ့ပါသည်။ (မဿဲ ၁၃း၃ (က))
၂။ မည်သို့သော ပုံဥပမာများကို အသုံးပြုခဲ့သနည်း။
ကောင်းကင်နိုင်ငံတော်အကြောင်းကိုသိရှိနိုင်ရန် လောကနှင့်ပတ်သက်သောပုံဥပမာများ
ကိုအသုံးပြုခဲ့သည်။ (မဿဲ ၁၃း၁၀–၁၇)
၃။ သခင်ယေရှုပြောခဲ့သော ပထမပုံဥပမာနှစ်ခုတို့ကိုဖော်ပြပါ။
မျိုးစေ့ကြဲသောသူနှင့်လယ်မြေ၊ စပါးမျိုးစေ့နှင့်မြက်ပင်မျိုးစေ့တို့ဖြစ်ကြသည်။ (မဿဲ ၁၃း၃–
၉၊ ၁၈–၂၃၊ မဿဲ ၁၃း၂၄–၃၀၊ ၃၇–၄၃)
၄။ သခင်ယေရှုသည် အဘယ်ကြောင့်ကပေရနောင်မြို့၊ ခေါရာဇိန်မြို့နှင့် ဗက်ဇဲဒမြို့အတွက်
တရားစီရင်ခြင်းမျိုးကို ပြောခဲ့သနည်း။
သခင်ယေရှုသည် ဤမြို့များတွင် အလွန်တန်ခိုးကြီးသောအမှုများစွာပြုလုပ်ခဲ့သော်လည်း
သူတို့သည်မယုံကြည်ခဲ့ကြသောကြောင့်ဖြစ်သည်။ (မဿဲ ၁၁း၂၀–၂၄)
၅။ သခင်ယေရှုသည် ဖါရိရှဲတစ်ဦး၏နေအိမ်တွင် စားသောက်နေစဉ် မည်သူလာခဲ့သနည်း။
သခင်ယေရှု၏ခြေကို မျက်ရည်ဖြင့်သုတ်ပေးသော ဆိုးသောမိန်းမတစ်ဦးလာခဲ့သည်။ (လုကာ
၇း၃၆–၃၉)
၆။ ဆိုးသောမိန်းမသည် အဘယ်ကြောင့်သခင်ယေရှုခြေကို သုတ်လိမ်းပေးခဲ့သနည်း။
သူမ၏အပြစ်များခွင့်လွှတ်ခြင်းရရှိခဲ့သောကြောင့် သူမသည် သခင်ယေရှုထံ ချစ်ခြင်းနှင့်
ကျေးဇူးတင်ခြင်းကို ပြသလိုသောကြောင့်ဖြစ်သည်။ (မဿဲ ၇း၄၀–၄၈)
၇။ သခင်ယေရှုနှင့်နောက်လိုက်တပည့်တော်တို့သည် ဂါလိလဲအိုင်ကို ဖြတ်ကူးနေစဉ် မည်သည့်
အရာဖြစ်ပျက်ခဲ့သနည်း။
သခင်ယေရှုလှေပေါ်တွင်အိပ်ပျော်နေစဉ် အလွန်ကြီးမားသော လေပြင်းမုန်တိုင်းထလာခဲ့သည်။
(မဿဲ ၈း၂၂–၂၃)
၈။ သခင်ယေရှုသည်သူ၏တန်ခိုးနှင့်အမိန့်အာဏာကို မည်သို့ပြသခဲ့သနည်း။
သူသည် မုန်တိုင်းကို ငြိမ်သက်စေခဲ့ပြီး၊ တပည့်တော်များ၏မယုံကြည်မှုများကို ဆဲဆိုခဲ့ပါသည်။
(မဿဲ ၈း၂၄–၂၅)
၉။ မြစ်တစ်ဖက်ကမ်းတွင် သခင်ယေရှုသည် မည်သည့်နိမိတ်လက္ခဏာကို ပြုလုပ်ခဲ့သနည်း။
နတ်ဆိုးစွဲသောလူနှစ်ဦးသည် ကျန်းမာခြင်းအခွင့်ရရှိခဲ့ပြီး၊ ဝိညာဉ်ဆိုးများကို ဝက်များ ထဲသို့ဝင်
ရန်အမိန့်ပေးခဲ့သည်။ (မဿဲ ၈း၂၈–၃၂)
၁၀။ ကပေရနောင်မြို့တွင် သခင်ယေရှုသည် မည်သူ့ကိုသေခြင်းမှထမြောက်စေခဲ့သနည်း။
ထောင်မှူး၏သမီးကို သေခြင်းမှထမြောက်စေခဲ့သည်။ (လုကာ ၈း၄၁–၄၂၊၄၉–၅၆)
ရွှေကျမ်းချက်။ ။''ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်။ ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည်နူး ညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။အကြောင်း မူကား၊ ငါ့ထမ်းဘိုးသည် ထမ်းလွယ်၏။ငါ့ဝန်လည်းပေါ့၏။''(မဿဲ ၁၁း ၂၈–၃၀)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ ( ၉ )

# ဂါလိလဲမြို့သို့ တတိယအကြိမ်သွားရောက်ခြင်း

### ယောဟန် ၆ နှင့် မာကု ၆–၈

၁။ သခင်ယေရှုသည် အဘယ်ကြောင့်တပည့်တော်ဆယ်နှစ်ပါးတို့ကို စေလွှတ်ခဲ့သနည်း။
သတင်းကောင်းဝေငှရန်နှင့်ဖျားနာသောသူများကျန်းမာစေရန်အတွက်ဖြစ်သည်။ (မာ
ကု ၆း၇–၁၃)

၂။ ဗတ္တိဇံယောဟန်သေဆုံးသည့်သတင်းကိုကြားသောအခါ ယေရှုသည် မည်သည့်နေရာ
သို့သွားရောက်ခဲ့သနည်း။
သူသည် ဂါလိလဲမြစ်တစ်ဖက်ကမ်းမှာရှိသောတောထဲသို့သွားခဲ့သည်။ (မာကု ၆း၁၆–
၃၁၊ မဿဲ ၁၄း၁–၁၃)

၃။ ကပေရနောင်မြို့နားတွင် သခင်ယေရှုသည် မည်သည့်နိမိတ်လက္ခဏာကို ပြခဲ့သနည်း။
သူသည် ငါးနှစ်ကောင်နှင့်မုန့်ငါးလုံးတို့ဖြင့် လူအယောက်ငါးထောင်ထက်မနည်းသောလူ
များကို ကျွေးခဲ့သည်။ (မာကု ၆း၃၄–၄၄၊ ယောဟန် ၆း၅–၁၄)

၄။ လူငါးထောင်ကျော်ကျွေးမွေးခြင်းအားဖြင့် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
လူတွေက သူ့ကို ရှင်ဘုရင်အဖြစ်ခန့်အပ်ချင်ကြသည်။( ယောဟန် ၆း၁၅)

၅။ သခင်ယေရှုသည် သူတို့၏ရှင်ဘုရင်ဖြစ်ချင်ခဲ့သလား။
ယေရှု၏နိုင်ငံတော်သည် ကောင်းကင်နိုင်ငံဖြစ်သောကြောင့် သူသည် သူတို့၏ရှင်ဘုရင်
မဖြစ်ချင်ခဲ့ပေ။ (ယောဟန် ၆း၃၆–၄၁၊ ၁၈း၃၆)

၆။ သခင်ယေရှုသည်သူတို့၏ရှင်ဘုရင်ဖြစ်ရန်ဆန္ဒမရှိသောအခါ သူတို့သည် သူ၏နောက်
သို့ဆက်လိုက်ခဲ့ကြသလား။
သူတို့သည်အဝေးသို့ထွက်ခွါသွားခဲ့ကြပြီး၊ နောက်သို့မလိုက်ခဲ့ကြပေ။ (ယောဟန် ၆း၆၆)

၇။ သခင်ယေရှုသည် သူ၏တပည့်တော်များထံ နောက်တော်သို့လိုက်ဦးမလားဟုမေးမြန်း
သောအခါ ပေတာရုက မည်သို့ဖြေကြားခဲ့သနည်း။
ပေတာရုက ‘‘သခင်၊ အကျွန်ုပ်တို့သည် အဘယ်သူထံသို့သွားရပါမည်နည်း။ ထာဝရအ
သက်နှင့်ယှဉ်သောစကားသည်ကိုယ်တော်၌တည်ပါ၏’’ ဟုပြောခဲ့သည်။(ယောဟန် ၆း၆၈)

၈။ တုရုမြို့နှင့်ဇိဒုံမြို့များတွင် သခင်ယေရှုသည် မည်သည့်နိမိတ်လက္ခဏာကိုပြခဲ့သနည်း။
အလွန်ယုံကြည်အားကြီးသူ ရှုရိဖိနိတ်မိန်းမ၏သမီးကျန်းမာစေခဲ့သည်။(မာကု၇း၂၄–၃၀)

၉။ ရှုရိဖိနိတ်မိန်းမက မိမိယုံကြည်ခြင်းကို မည်သို့ပြသခဲ့သနည်း။
သူမသည် စားပွဲအောက်တွင်ရှိသောခွေး၊ သားများကျွေးမည့်အစားအစာကိုစားရန်
မထိုက်တန်သူဖြစ်ကြောင်းကို သိခဲ့သည်။ (မာကု ၇း၂၇–၂၈)

၁၀။ ဒေကာပေါလိပြည်နယ်တွင် သခင်ယေရှုသည် မည်သည့်နိမိတ်လက္ခဏာကိုပြခဲ့သနည်း။
နားမကြား၊ စကားအသောလူတစ်ယောက်ကိုကျန်းမာစေခဲ့သည်။ (မာကု ၇း၃၁–၃၅)

ရွှေကျမ်းချက်။ ။‘‘ယေရှုက၊ ငါ၏နိုင်ငံသည် ဤလောကနှင့်မစပ်ဆိုင်။ ငါ၏နိုင်ငံသည် ဤလောကနှင့်စပ်ဆိုင်လျှင်၊ ငါသည်ယုဒလူတို့လက်သို့မရောက်စေခြင်းငှါ ငါ၏လူတို့သည် တိုက်လှန်ကြလိမ့်မည်။ ယခုမူကား၊ ငါ၏နိုင်ငံသည် ဤဒေသအရပ်နှင့်မစပ်ဆိုင်ဟု မိန့်တော်မူ၏။’’ (ယောဟန် ၁၈း၃၆)



## သင်ခန်းစာ ( ၁၀ )

# ပုံသဏ္ဍာန်ပြောင်းလဲခြင်း

### မဿဲ ၁၆–၁၇၊ လုကာ ၉ နှင့် ယောဟန် ၁၀

၁။ သခင်ယေရှုသည် သူ၏သာသနာလုပ်ငန်းပြီးဆုံးခါနီးအချိန်တွင် တပည့်များထံ မည်သည့်
အရာကို ပြောပြခဲ့သနည်း။
သူသည် ယေရုရှလင်မြို့တွင် နှိပ်စက်ခြင်းနှင့်အသေခံခြင်းကိုခံ၍သုံးရက်မြောက်သောနေ့
တွင်ရှင်ပြန်ထမြောက်မည့်အကြောင်းကို ပြောပြခဲ့သည်။ (မဿဲ၁၆း၂၁၊၁၇း၉၊၁၂၊ လုကာ
၉း၂၁–၂၂၊ ၄၄)

၂။ သူတို့သည် ဖိလိပ္ပုကဲသရိမြို့တွင်နေစဉ် ပေတရုကသခင်ယေရှုအကြောင်းကိုမည်သို့ ဖော်ပြခဲ့
သနည်း။
‘‘ကိုယ်တော်သည်ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသောဘုရားသခင်၏
သားတော်ဖြစ်တော်မူသည်။’’ (မဿဲ ၁၆း၁၆)

၃။ ပေတရုဝန်ခံပြီးနောက် သခင်ယေရှုသည် ဘယ်နေရာသို့သွားရောက်ခဲ့သနည်း။
ဆုတောင်းရန်အတွက်သူ၏တပည့်တော်သုံးပါးနှင့်အတူ တောင်ပေါ်သို့သွားခဲ့သည်။ (မဿဲ
၁၇း၁၊ လုကာ ၉း၂၈)

၄။ တောင်ပေါ်တွင် သခင်ယေရှုဆုတောင်းနေစဉ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူ၏တပည့်တော်များရှေ့မှောက်တွင် သူသည် ကိုယ်ခန္ဓာပြောင်းလဲခဲ့သည်။ (မဿဲ ၁၇း၂၊
လုကာ ၉း၂၉)

၅။ တောင်ပေါ်တွင် ယေရှုခန္ဓာကိုယ်ပြောင်းလဲနေစဉ် မည်သူက သူ့ကိုစကားပြောခဲ့သနည်း။
မောရှေနှင့်ဧလိယတို့က သူ၏နှိပ်စက်ခြင်းနှင့်သေခြင်းအကြောင်းကို သခင်ယေရှုအား ပြောပြခဲ့
သည်။(မဿဲ ၁၇း၃၊ လုကာ ၉း၃၀၊ ၃၁)

၆။ တပည့်တော်များသည် မည်သည့်အကြောင်းကို ငြင်းခုံခဲ့ကြသနည်း။
ကောင်းကင်နိုင်ငံတော်တွင် မည်သူသည်အကြီးဆုံးဖြစ်မည့်အကြောင်းကို ငြင်းခုံခဲ့ကြသည်။
(လုကာ ၉း၄၆–၄၈)

၇။ ဤအချိန်တွင် သခင်ယေရှုသည် ယုဒလူမျိုးများကျင်းပခဲ့သော မည်သည့်ပွဲသို့သွားခဲ့သနည်း။
ယေရုရှလင်မြို့တွင်ကျင်းပသော သင်္ကေနေပွဲသို့သွားခဲ့သည်။ (ယောဟန် ၇း၁–၁၄)

၈။ သင်္ကေနေပွဲအပြီးဥပုဒ်နေ့တွင်ဖာရိရှဲတို့သည်အဘယ်ကြောင့်သခင်ယေရှုကိုစိတ် ဆိုးခဲ့ကြသနည်း။
သူသည် ဥပုဒ်နေ့တွင်ခြေမသန်စွမ်းသူတစ်ဦးကို ကျန်းမာစေသောကြောင့်ဖြစ်သည်။ (ယောဟန်
၉း၁၃–၁၆)

၉။ ညစာစားပွဲတော်မတိုင်မီ သခင်ယေရှုသည် မိမိအကြောင်းနှင့်ပတ်သက်၍ မည်သည့်အရာ
သွန်သင်ခဲ့သနည်း။
သူသည် သူ၏သိုးစုများအတွက်အသေခံသော ကောင်းသောသိုးထိန်းဖြစ်သည်ဟု သွန်သင်
ခဲ့သည်။ (ယောဟန် ၁၀း၁–၁၈)

၁၀။ သူသည် မယုံကြည်သောယုဒလူမျိုးများထံ မည်သည့်အရာပြောခဲ့သနည်း။
‘‘သင်တို့သည် ငါ့သိုးတို့အဝင်မဟုတ်’’ ဟုပြောခဲ့သည်။(ယောဟန် ၁၀း၂၆)

ရွှေကျမ်းချက်။ ။ ‘‘အဘယ်သို့နည်းဟူမူကား၊ ဤသူသည် ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟူသောအသံတော်သည်၊ ထူးမြတ်သောအရောင်အဝါတော်ထဲက၊ ထိုသခင်သို့ရောက်သောအခါ၊ ခမည်းတော်ဘုရားသခင်အထံတော်မှ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်တော်ကိုခံရတော်မူ၏။ ကောင်းကင်ကရောက်လာသောထိုအသံတော်ကို ငါတို့သည် သန့်ရှင်းသောတောင်ပေါ်မှာ သခင်ဘုရားနှင့်အတူရှိသောအခါ ကြားရကြ၏။’’ (၂ပေ ၁း၁၇၊၁၈)



Copyright © Gratia Dei Sola Media

# လာဇရုရှင်ပြန်ထမြောက်ခြင်း

## ယောဟန် ၁၀–၁၁ နှင့် လုကာ ၁၈–၁၉

၁။ ဆက်ကပ်ခြင်းပွဲအပြီးတွင် သခင်ယေရှုသည် မည်သည့်နေရာသို့သွားခဲ့သနည်း။
သူ့ကို ယုံကြည်သောနေရာယောဒန်မြစ်တဘက်၊ပေရီအာမြို့သို့သွားခဲ့သည်။ (ယောဟန် ၁၀း၃၉–၄၂)

၂။ ပေရီအာမြို့၌နေစဉ် သခင်ယေရှုထံမည်သည့်သတင်းရောက်လာခဲ့သနည်း။
သူ၏သူငယ်ချင်းဖာလရုဖျားနာသည်ဟု သူကြားသိခဲ့သည်။ (ယောဟန် ၁၀း၄၀–၁၁း၃)

၃။ သခင်ယေရှုသည် လာဇရုကိုကျန်းမာစေရန် ဗေသနိရွာသို့ချက်ချင်းသွားခဲ့သလား။
သူသည် လာဇရုသေသည်အထိစောင့်ခဲ့သည်။(ယောဟန် ၁၁း၅–၇၊၁၁–၁၄၊၁၇၊၃၂–၃၆)

၄။ သခင်ယေရှုသည် အဘယ်ကြောင့်လာဇရုသေသည့်အထိစောင့်ခဲ့သနည်း။
သူသည် လာဇရုကိုသေခြင်းမှထမြောက်စေခြင်းအားဖြင့် သူ၏တန်ခိုးကိုပြသလိုသောကြောင့်ဖြစ်သည်။ (ယောဟန် ၁၁း၁၄–၁၅၊ ၃၉–၄၄)

၅။ ဤနိမိတ်လက္ခဏာ၏အကျိုးတက်ရောက်မှုသည်မည်သည့်အရာဖြစ်သနည်း။
လူများစွာတို့သည် ယုံကြည်ခဲ့ကြသော်လည်း ဆိုးသွမ်းသောအရာရှိများက ယေရှုကို သတ်ရန်ကြံစည်ခဲ့ကြသည်။ (ယောဟန် ၁၁း၄၅–၅၃)

၆။ အရာရှိများက ယေရှုကိုသတ်ရန်ကြံစည်သောအခါ သူသည် မည်သည့်နေရာသို့သွားရောက်ခဲ့သနည်း။
သူ၏သာသနာလုပ်ငန်းနောက်ဆုံးအချိန်လုပ်ဆောင်သောနေရာဖေရိမ်မြို့သို့သွားခဲ့သည်။ (ယောဟန် ၁၁း၅၄–၁၂း၁)

၇။ ထာဝရအသက်ကိုရှာဖွေသောလူငယ်တစ်ယောက်ထံ သခင်ယေရှုက မည်သည့်အရာကိုပြောပြခဲ့သနည်း။
“ကိုယ်ဥစ္စာများကိုရောင်း၍ဆင်းရဲသောသူတို့အားပေးလော့။” (မဿဲ ၁၉း၂၁)

၈။ ယေရိခေါမြို့နားတွင် သခင်ယေရှုက မည်သည့်နိမိတ်လက္ခဏာကို ပြုခဲ့သနည်း။
မျက်စိကန်းသောဗာတိမဲကို ကျန်းမာစေခဲ့သည်။ (လုကာ၁၈း၃၅–၄၃၊မာကု၁၀း၄၆–၅၂)

၉။ သခင်ယေရှုကို မြင်တွေ့နိုင်ရန်အတွက်မည်သူသည် သစ်ပင်ပေါ်တက်ခဲ့သနည်း။
သူ့မိသားစုတွင် သခင်ယေရှုက ကယ်တင်ခြင်းယူဆောင်လာခဲ့သောအခွန်ခေါင်း ဇက္ခဲဖြစ်သည်။ (လုကာ ၁၉း၁–၁၀)

၁၀။ မာသနှင့်လာဇရုတို့၏ညီမ မာရိသည် ဗက်သာနီမြို့တွင် ဘာလုပ်ခဲ့သနည်း။
သခင်ယေရှုသင်္ဂြိုဟ်ခြင်းကိုပြင်ဆင်ရန်အတွက် အဘိုးထိုက်သောဆီမွှေးဖြင့် သခင်ယေရှုကို လိမ်းပေးခဲ့သည်။ (ယောဟန် ၁၂း၃–၈)

ရွှေကျမ်းချက်။ ။“ယေရှုကလည်း၊ ငါသည်ထမြောက်ခြင်းအကြောင်း၊အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်းရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ (ယေဟန် ၁၁း၂၅၊ ၂၆)





# နာကျင်ခြင်းခံစားသောအပတ်

## လုကာ ၁၉–၂၂ နှင့် ပြိုင်တူကျမ်းပိုဒ်များ

၁။ သခင်ယေရှု ဘယ်နှစ်တွင် အသတ်ခံခဲ့သနည်း။
အေဒီ ၃၃ ခုနှစ်ဝန်းကျင်တွင် အသတ်ခံခဲ့သည်။

၂။ သခင်ယေရှုသည်သူသေသောအပတ်တနင်္ဂနွေနေ့တွင် မည်သည့်အရာပြုလုပ်ခဲ့သနည်း။
သူသည် မြည်းကလေးကိုစီး၍ ယေရုရှလင်မြို့သို့ဝင်ရောက်ခဲ့သည်။ (လုကာ ၁၉း၂၉–၃၈၊ မဿဲ ၂၁း၇–၁၂)

၃။ သခင်ယေရှုနောက်သို့လိုက်သောသူများသည် မည်သို့ဟစ်ကြွေးခဲ့ကြသနည်း။
“ဒါဝိဒ်၏သားတော်အား ဟောရှဏ္ဏဖြစ်စေသတည်း”ဟုဟစ်ကြွေးခဲ့ကြသည်။ (မဿဲ ၂၁း၉)

၄။ တနင်္လာနေ့ဗိမာန်တော်တွင် သခင်ယေရှုသည် မည်သည့်အရာကိုပြုလုပ်ခဲ့သနည်း။
ခမည်းတော်၏အိမ်ကို ပွဲစားအရောင်းအဝယ်လုပ်သောသူများကို နှင်ထုတ်ခဲ့သည်။ (လုကာ ၁၉း၄၅–၄၆)

၅။ တနင်္လာနေ့မနက်ပိုင်းဗေသနိရွာမှထွက်သွားစဉ်ယေရှုသည်မည်သည့်အရာပြု လုပ်ခဲ့သနည်း။
သူသည် အသီးမသီးနိုင်သော သင်္ဘောသဖန်းပင်ကို ကျိန်ဆဲခဲ့သည်။ (မဿဲ ၂၁း၁၈–၂၁၊ မာကု ၁၁း၁၂–၁၄၊ ၁၉–၂၂)

၆။ အင်္ဂါနေ့တွင် သခင်ယေရှုသည်မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
သူသည် လူများကို နောက်ဆုံးသောကာလအကြောင်းသွန်သင်ခဲ့သည်။(လုကာ၂၀း၁)

၇။ သခင်ယေရှုသည် အင်္ဂါနေ့ညနေခင်းတွင် မည်သည့်အရာကို ကြိုပြောခဲ့သနည်း။
သူသည် ယေရုရှလင်မြို့ပျက်ဆီးမည့်အကြောင်းနှင့် သူ၏ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းများကိုကြိုဟောပြောခဲ့သည်။(လုကာ ၂၁း၅–၃၇၊ cf မဿဲ ၂၄း၄–၂၅း၁၃)

၈။ သခင်ယေရှုသည် သူ၏နောက်ဆုံးသောအပတ် ဗုဒ္ဓဟူးနေ့တွင် ဘာဖြစ်ပျက်ခဲ့သနည်း။
သူသေမည့်အကြောင်းကို ဟောပြောသော သူ၏တပည့်များနှင့်ဝေးကွာခဲ့သည်။ (မဿဲ ၂၆း၁–၂)

၉။ ယုဒရှကာရုတ်သည် ဗုဒ္ဓဟူးနေ့တွင် မည်သည့်အရာပြုလုပ်ခဲ့သနည်း။
သူသည် သခင်ယေရှုကို ငွေဒင်္ဂါး သုံးဆယ်ဖြင့်ရောင်းချရန် သဘောတူခဲ့သည်။ (လုကာ ၂၂း ၁–၆၊မဿဲ ၂၆း၁၄–၁၆၊ မာကု ၁၄း၁၂–၁၁)

၁၀။ ယုဒရှကာရုတ်သည် အဘယ်ကြောင့်သခင်ယေရှုကို ရောင်းခဲ့သနည်း။
ယုဒရှကာရုတ်သည် ဆိုးသွမ်း၍ သူ့အထဲတွင် စာတန်ဝင်ရောက်နေသောကြောင့်ဖြစ်သည်။ (လုကာ ၂၂း၃၊ ယောဟန် ၆း၇၀–၇၁)

ရွှေကျမ်းချက်။ ။ “အကြောင်းမူကား၊ များစွာသောသားတို့ကိုကယ်တင်၍၊ ဘုန်းစည်းစိမ်ခံစားရာသို့ပို့ဆောင်သောအရှင်သည်၊ ဒုက္ခဝေဒနာအားဖြင့် စုံလင်ခြင်းသို့ရောက်ရမည့်အကြောင်း၊ ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်း၍အုပ်စိုးတော်မူသောဘုရားသည် စီရင်တော်မူအပ်၏။” (ဟေဗြဲ ၂း၁၀)



Copyright © Gratia Dei Sola Media

သင်ခန်းစာ ( ၁၃ )

# သခင်ယေရှု ဖမ်းဆီးခြင်းနှင့်ချည်နှောင်ခြင်း

## မဿဲ ၂၆–၂၇ နှင့်ယောဟန် ၁၈

၁။ သခင်ယေရှုသည် သူ၏နောက်ဆုံးအပတ် ကြာသပတေးနေ့တွင် မည်သည့်အရာပြုလုပ်ခဲ့သနည်း။
သူသည် အိမ်ခန်းအပေါ်တွင် သူ၏တပည့်တော်များနှင့်နောက်ဆုံးညစာကို သုံးဆောင်ခဲ့သည်။ (မဿဲ ၂၆း၁၇–၂၅၊ လုကာ ၂၂း၁၀–၁၂)

၂။ အိမ်အပေါ်ခန်းတွင် သခင်ယေရှုသည် သူ၏တပည့်များအပေါ် မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
သူသည် အစေခံကျွန်ကဲ့သို့ သူ၏တပည့်များခြေကို ဆေးကြောပေးခဲ့သည်။(ယောဟန် ၁၃း၂–၁၇)

၃။ သခင်ယေရှုသည် သူ၏တပည့်တော်များနှင့်ညနေစာသုံးဆောင်ခဲ့ပြီးနောက် မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
သူသည် ပွဲတော်မင်္ဂလာကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ (မဿဲ ၂၆း၂၆–၂၉)

၄။ အထက်ခန်းမှထွက်ခွါသွားခဲ့ပြီးနောက် သခင်ယေရှုသည် သူ၏တပည့်တော်များနှင့် မည်သည့်နေရာသို့သွားခဲ့သနည်း။
သူ၏တပည့်တော်များအိပ်ပျော်နေကြသောအခါ သူတစ်ယောက်တည်းဆုတောင်းခဲ့သောနေရာ ဂေသရေမန်ဥယျာဉ်သို့သွားခဲ့သည်။ (မဿဲ ၂၆း၃၆–၄၆)

၅။ သခင်ယေရှုကို ဖမ်းဆီးရန် မည်သူတွေ ဂေသရေမန်ဥယျာဉ်သို့ရောက်လာခဲ့ကြသနည်း။
ယုဒရှကာရုတ်သည် အရာရှိများနှင့်တကွရောက်လာခဲ့ကြသည်။(မဿဲ ၂၆း၄၆–၅၀)

၆။ လူတွေက သခင်ယေရှုကို ဖမ်းဆီးချုပ်နှောင်နိုင်ခဲ့ကြသလား။
သခင်ယေရှုသည် မိမိကိုယ်ကိုအပ်နှံလိုက်သည့်အချိန်တွင် လူတွေကသူ့ကိုဖမ်းဆီးနိုင်ခဲ့ကြသည်။ (ယောဟန် ၁၈း၁–၈)

၇။ သခင်ယေရှုဖမ်းဆီးချုပ်နှောင်ခြင်းခံသောအခါ သူ့တပည့်တွေက မည်သည့်အရာပြုလုပ်ခဲ့သနည်း။
သူတို့သည် ယေရှုကိုစွန့်ပစ်၍ ထွက်ပြေးခဲ့ကြသည်။ (မဿဲ ၂၆း၅၆)

၈။ သခင်ယေရှုကိုရန်သူတွေကမည်သည့်နေရာသို့ စတင်ခေါ်ဆောင်ခဲ့သနည်း။
သူ့ကိုစုံစမ်းရန် ယုဒလူမျိုးအရာရှိများထံ စတင်ခေါ်ဆောင်ခဲ့ကြသည်။(မဿဲ ၂၆း၅၇၊ ယောဟန် ၁၈း၁၂–၁၄)

၉။ ယေရှုဖမ်းဆီးခြင်းခံသောအချိန်တွင်ပေတာရုသည်မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
သူသည် သခင်ယေရှုကို သုံးကြိမ်တိုင်တိုင်ငြင်းပယ်ခဲ့သည်။ (မဿဲ ၂၆း၆၉–၇၅၊ ယောဟန် ၁၈း၁၆–၁၈၊ ၂၅–၂၇)

၁၀။ နောက်ဆုံးတွင် သခင်ယေရှုသတ်ဖြတ်ရန် စီရင်ချက်ချသောသူသည် မည်သူနည်း။
မြို့ဝင်မင်းပုန္တိပိလတ်ဖြစ်သည်။ (မဿဲ ၂၇း၁–၂၊ ၁၁–၂၆)

ရွှေကျမ်းချက်။ ။''ထိုမှအနည်းငယ်လွန်ပြန်လျှင် ပြပ်ဝပ်၍အကျွန်ုပ်အဘ၊ ဤခွက်သည် အကျွန်ုပ်ကိုလွန်သွားနိုင်လျှင် လွန်သွားပါစေသော။ သို့သော်လည်းအကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသော ဟုဆုတောင်းတော်မူ၏။''(မဿဲ ၂၆း၃၉)



သင်ခန်းစာ ( ၁၄ )

# သခင်ယေရှုကားတိုင်တင်သတ်ခြင်း

## လုကာ ၂၃ နှင့်ယောဟန် ၁၉

၁။ ပိလတ်မင်းကြီးက သူ၏ဆိုးသွမ်းသောတရားစီရင်မှုကို မည်သို့ပြသခဲ့သနည်း။
သူသည် သခင်ယေရှုအားအပြစ်မရှိဟု သိသော်လည်း သူ့ကို ကားတိုင်တင်သတ်ရန် တရားစီရင်ခဲ့သည်။ (လုကာ ၂၃း၁–၂၅)

၂။ ယုဒရှကာရုတ်သည် သခင်ယေရှုကို ရောင်းစားပြီးနောက် ဘာလုပ်ခဲ့သနည်း။
သူသည် ငွေများကို ယဇ်ပရောဟိတ်အကြီးအကဲထံပြန်အပ်ပြီး မိမိကိုယ်ကို ကြိုးဆွဲအသေခံခဲ့သည်။ (မဿဲ ၂၇း၃–၁၀)

၃။ သခင်ယေရှုသည် မည်သည့်နေရာတွင် အသေသတ်ခြင်းကိုခံခဲ့ရသနည်း။
ယေရုရှလင်မြို့အပြင်ဘက် ဂေါလဂေါသ၌အသေခံခဲ့သည်။ (ယောဟန် ၁၉း၁၆–၁၈)

၄။ သခင်ယေရှုသည် အဘယ်ကြောင့်လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံရမည်နည်း။
သူ၏လူများကို အပြစ်မှကယ်တင်ရန်အတွက်ဖြစ်သောကြောင့်ဖြစ်သည်။ (မဿဲ ၁း၂၁၊ cf ၁ပေ ၂း၂၄–၂၅)

၅။ သခင်ယေရှုသည် မည်သူတွေနှင့်အတူအသေခံခဲ့သနည်း။
ဓါးမြနှစ်ဦးတို့နှင့်အတူအသေခံခဲ့သည်။ (လုကာ ၂၃း၃၂–၃၃)

၆။ ဓါးမြတစ်ယောက်က သခင်ယေရှုထံ ဘာပြောခဲ့သနည်း။
''ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကိုအောက်မေ့တော်မူပါ'' (လုကာ ၂၃း၄၂)

၇။ ထိုဓါးမြထံ သခင်ယေရှုက မည်သည့်အရာကို ပြောပြခဲ့သနည်း။
''ငါအမှန်ဆိုသည်ကား၊ ယနေ့တွင်သင်သည် ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်။'' (လုကာ ၂၃း၄၃)

၈။ သခင်ယေရှုမသေမီ မည်သည့်အရာကို ပြောခဲ့သနည်း။
''အိုအဘ၊အကျွန်ုပ်ဝိညာဉ်ကိုကိုယ်တော်လက်၌အကျွန်ုပ်အပ်ပါ၏။''(လုကာ ၂၃း၄၆)

၉။ သခင်ယေရှုကားတိုင်ပေါ်တွင် အသေခံသောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ဗိမာန်တော် ကုလားကာနှစ်ခြမ်းကွဲသွားခဲ့သည်။ မြေကြီးတုန်လှုပ်၍ သင်္ချိုင်းတွင်းများ ဖွင့်လှစ်ခဲ့သည်။ (မဿဲ ၂၇း၅၁–၅၃)

၁၀။ သခင်ယေရှုအလောင်းကို မည်သူက သဂြိုဟ်ခဲ့သနည်း။
မရိမသဲမြို့သားယောသပ်နှင့်နိကောဒင်တို့က သဂြိုဟ်ခဲ့ကြသည်။ (လုကာ ၂၃း၅၀–၅၃၊ ယောဟန် ၁၉း၃၈–၄၂)

ရွှေကျမ်းချက်။ ။''ငါဖြစ်လျှင်၊ ငါတို့သခင်ယေရှုခရစ်၏လက်ဝါးကပ်တိုင်တော်မှတပါး အဘယ်အရာ၌မျှဝါကြွားခြင်းမရှိပါစေနှင့်။ ထိုလက်ဝါးကပ်တိုင်တော်မှာ ဤလောကသည် ငါတို့အဘို့ရှိက်ထားခြင်းကိုခံလျက်ရှိ၏။ ငါသည်လည်း ဤလောကအဘို့ရှိက်ထားခြင်းကို ခံလျက်ရှိ၏။'' (ဂလာတိ ၆း၁၄)



Copyright © Gratia Dei Sola Media

သင်ခန်းစာ ( ၁၅ )

# ရှင်ပြန်ထမြောက်ခြင်း

## မဿဲ ၂၈၊ ယောဟန် ၂၀ နှင့် လုကာ ၂၄

၁။ ရှင်ပြန်ထမြောက်ခြင်း၏ပထမနေ့ရက်တွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သခင်ယေရှုသည် သူပြောခဲ့သည့်အတိုင်း သေခြင်းမှထမြောက်ခဲ့သည်။ (မဿဲ ၂၈း၁–၆၊ လုကာ ၂၄း၁–၆၊ ယောဟန် ၂၀း၁၊ ၁၁–၁၆)

၂။ သခင်ယေရှုနောက်သို့လိုက်သောမိန်းမများသည် သင်္ချိုင်းတွင်းသို့ရောက်သောအခါ မည်သည့်အရာကို တွေ့ရှိခဲ့ကြသနည်း။
တံဆိပ်ခတ်ထားသောကျောက်တုံးကြီးလှိမ့်လှန်၍ သင်္ချိုင်းဂူတွင် ဘာမျှမရှိသည်ကို တွေ့ရှိသည်။(မဿဲ ၂၈း၁–၆၊ လုကာ ၂၄း၁–၆၊ ယောဟန် ၂၀း၁၊ ၁၁–၁၆)

၃။ ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို မည်သူက မိန်းမများထံပြောပြခဲ့သနည်း။
ကျောက်တုံးကို လှိမ့်လှန်သော ကောင်းကင်တမန်က ပြောပြခဲ့သည်။(မဿဲ ၂၈း၂၊၄)

၄။ ယုဒခေါင်းဆောင်များက ရှင်ပြန်ထမြောက်ခြင်းကို မည်သို့ငြင်းပယ်ခဲ့ကြသနည်း။
တပည့်တော်များသည် ညအချိန်တွင်လာ၍ သခင်ယေရှုအလောင်းကိုခိုးယူခဲ့ကြသည်ဟု သူတို့ကပြောခဲ့ကြသည်။ (မဿဲ ၂၈း၁၁–၁၅)

၅။ ရှင်ပြန်ထမြောက်ပြီးနောက် ယေရှုသည် ရှေးဦးစွာမည်သူ့ထံထင်ရှားခဲ့သနည်း။
သင်္ချိုင်းတွင်ရှိသော မာဂဒရက်မာရိထံထင်ရှားခဲ့သည်။ (ယောဟန် ၂၀း၁၁–၁၆)

၆။ ၎င်းနောက် များမကြာမီ သခင်ယေရှုသည်မည်သူ့ထံထင်ရှားခဲ့သနည်း။
သင်္ချိုင်းမှပြန်လာသောအမျိုးသမီးများထံထင်ရှားခဲ့သည်။ (မဿဲ ၂၈း၅၊၈–၁၀)

၇။ နောက်ပိုင်းတွင် သခင်ယေရှုသည် မည်သူ့ထံထင်ရှားခဲ့သနည်း။
ဧမောက်လမ်းတွင် ခရီးသွားနေသောပေတရုနှင့်တပည့်တော်နှစ်ပါးတို့ထံ ထင်ရှားခဲ့သည်။ (လုကာ ၂၄း၁၃–၃၁၊ ၃၃–၃၄၊ ၁ကော ၁၅း၃–၆)

၈။ သခင်ယေရှုရှင်ပြန်ထမြောက်ခြင်းကိုကြားပြီးနောက် သောမက ဘာပြောခဲ့သနည်း။
သူကိုယ်တိုင်သခင်ယေရှုကိုမမြင်လျှင်မယုံဘူးဟုပြောခဲ့သည်။ (ယောဟန်၂၀း၂၄–၂၉)

၉။ ရှင်ပြန်ထမြောက်ပြီး ဘယ်အချိန်တွင် သခင်ယေရှုသည် သူ၏တပည့်များထံထင်ရှားခဲ့သနည်း။
ရက်ပေါင်းလေးဆယ်ကြာသွားခဲ့ပြီးနောက်ထင်ရှားခဲ့သည်။ (တမန် ၁း၁–၃)

၁၀။ ရက်ပေါင်းလေးဆယ်ကြားသွားခဲ့ပြီးနောက်သခင်ယေရှုသည် အဘယ်ကြောင့် တပည့်တော်များထံ ထင်ရှားခဲ့သနည်း။
တပည့်တော်များအားကောင်းကင်နိုင်ငံတော်အကြောင်း သွန်သင်လိုသောကြောင့်ဖြစ်သည်။ (တမန် ၁း၃)

ရွှေကျမ်းချက်။ ။‘ယခုမူကား၊ ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူ၍၊ အိပ်ပျော်သောသူတို့တွင် အဦးသီးသောအသီးဖြစ်တော်မူပြီ။ သို့ဖြစ်၍လူအားဖြင့်သေခြင်းတရားသည် တည်သကဲ့သို့၊ သေသောသူတို့၏ထမြောက်ခြင်းတရားသည် လူအားဖြင့်တည်လျက်ရှိ၏။ လူအပေါင်းတို့သည် အာဒံအားဖြင့်သေခြင်းသို့ရောက်သည်နည်းတူ၊ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ရောက်ရကြလတံ့။’’ (၁ကော ၁၅း၂၀–၂၂)



သင်ခန်းစာ ( ၁၆ )

# ချီဆောင်ခြင်းနှင့်ဝိညာဉ်တော်သွန်းလောင်းခြင်း

## တမန် ၁–၂

၁။ သခင်ယေရှုရှင်ပြန်ထမြောက်ပြီး ရက်ပေါင်းလေးဆယ်တွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
တပည့်တော်များရှေ့မှောက်တွင် သခင်ယေရှုသည် ကောင်းကင်ဘုံသို့ချီဆောင်ခြင်းခံခဲ့သည်။ (တမန် ၁း၁–၃)

၂။ သခင်ယေရှုချီဆောင်ခြင်းခံသောအခါ တပည့်တော်များထံ မည်သည့်ဂတိကို ပေးခဲ့သနည်း။
သူတို့သည် ကောင်းကင်ဘုံသို့ချီဆောင်ခြင်းမြင်တွေ့သည့်နည်းတူ သခင်ယေရှုပြန်ကြွ လာမည့်အချိန်ကို မြင်တွေ့ကြလိမ့်မည်။ (တမန် ၁း၉–၁၁)

၃။ သခင်ယေရှုကောင်းကင်ဘုံသို့ချီဆောင်ခြင်းခံခဲ့ပြီးနောက် တပည့်တော်များသည်မည် သည့်အရာကို ပြုလုပ်ခဲ့ကြသနည်း။
သူတို့သည် ယေရုရှလင်မြို့သို့ပြန်သွားခဲ့ကြကာ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်း ခြင်းအချိန်ကို စောင့်ဆိုင်းခဲ့ကြသည်။ (တမန် ၁း၄–၅၊ ၁၂–၁၅၊ ၂း၁)

၄။ တပည့်တော်များထံ မည်သည့်အချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခဲ့သနည်း။
ချီဆောင်ခြင်းအပြီးဆယ်ရက်အကြာ ပင်တေကုတ္တေနေ့တွင် ဝိညာဉ်တော်သွန်းလောင်းခဲ့သည်။ (တမန် ၂း၁–၄)

၅။ လူအယောက်မည်မျှအပေါ်တွင် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခဲ့သနည်း။
တနေရာတွင် စုရုံးနေကြသော တပည့်တော် အယောက် တစ်ရာ့နှစ်ဆယ်ပေါ်တွင် သန့်ရှင်းသော ဝိညာဉ်တော်သွန်းလောင်းခဲ့သည်။ (တမန်၁း၁၅၊ ၂း၁)

၆။ တပည့်တော်များသည် သန့်ရှင်းသောဝိညာဉ်တော်လက်ခံခဲ့ပြီးနောက် ဘာကိုပြုလုပ်ခဲ့ကြသနည်း။
ဘုရားသခင်၏လုပ်ဆောင်ချက်များဖြစ်သော အမျိုးမျိုးသောဘာသာစကားများကို ပြောခဲ့ကြသည်။ (တမန် ၂း၄–၁၂)

၇။ တပည့်တော်များသည် အမျိုးမျိုးသောဘာသာစကားပြောခြင်းကို ဆိုးသွမ်းသော ယုဒ လူမျိုးများကြားသောအခါ မည်သို့ပြောခဲ့ကြသနည်း။
တပည့်တော်များသည် မပျစ်ရည်မူးကြသည်ဟုပြောခဲ့ကြသည်။(တမန် ၂း၁၃–၁၅)

၈။ ပင်တေကုတ္တေနေ့တွင် ပေတရုက မည်သည့်အကြောင်းကို ဟောပြောခဲ့သနည်း။
ပရောဖက်များဟောပြောသည့်အတိုင်း အသက်ရှင်တော်မူသောသခင်ယေရှုအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သွန်းလောင်းခဲ့သည် ဟုပြောခဲ့သည်။ (တမန် ၂း၁၆–၂၁)

၉။ လူများက ဘာလုပ်ရမည်နည်းဟု ပေတရုထံမေးသောအခါ သူက မည်သို့ဖြေခဲ့သနည်း။
‘‘ပေတရုကလည်း၊ သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါနောင်တရ၍တယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမ၌ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူ သော ဆုကျေးဇူးကို ခံရကြလိမ့်မည်။အကြောင်းမူကား၊ဂတိတော်သည်သင်တို့နှင့်၎င်း၊သင်တို့၏သားသမီးတို့နှင့်၎င်း၊ဝေးသော သူတို့တွင် ငါတို့၏ဘုရားသခင်ထာဝရဘုရားခေါ် တော်မူသမျှသောသူတို့နှင့်၎င်းဆိုင်သည်ဟုဟော၏။’’ (တမန် ၂း၃၈–၃၉)

၁၀။ ပေတရုဟောသောတရားဒေသနာအားဖြင့် လူမည်မျှနှစ်ခြင်းခံခဲ့ကြသနည်း။
ခရစ်တော်၏နာမတော်အားဖြင့်လူအယောက်သုံးထောင်ခန့်နှစ်ခြင်းခံခဲ့ကြသည်။ (တမန် ၂း၄၁)

ထပ်မံဖြည့်စွက်ထားသောကျမ်းပိုဒ်များ–

‘‘ထိုကြောင့် ဘုရားသခင့်ရှေ့တော်၌ပညတ်တရားအားဖြင့် အဘယ်သူမျှဖြောင့်မတ်ရာသို့မရောက်နိုင်ဟုထင်ရှားလျက်ရှိ၏။ သစ်တိုင်၌စွဲထားခြင်းကိုခံရသောသူတိုင်းကျိန်ခြင်းကိုခံရသောသူ ဖြစ်သည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ခရစ်တော်သည်ငါတို့အတွက်ကြောင့်ကျိန်ခြင်းကို ခံသောသူဖြစ်၍၊ ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှရွေးနှုတ်တော်မူပြီ။ အကြောင်း မူကား၊ အာဗြဟံခံရသောကောင်းကြီးမင်္ဂလာသည် ယေရှုခရစ်အားဖြင့်တပါးအမျိုးသားတို့၌သက် ရောက်သည်ဖြစ်၍၊ငါတို့သည် ဂတိတော် နှင့်ယှဉ်သော ဝိညာဉ်တော်ကို ယုံကြည်ခြင်းအားဖြင့် ခံရမည်အကြောင်းတည်း။’’ (ဂလာတိ ၃း၁၃–၁၄)



Copyright © Gratia Dei Sola Media

သင်ခန်းစာ ၁၇

## ဧဗွဲ့သစ်ကျမ်းပထမဦးဆုံးအသင်းတော်

## တမန် ၃–၄

၁။ ပင်တေကုတ္တေအပြီးအသင်းတော်တည်ရှိခြင်းသည် မည်သည့်အရာဖြစ်သည်ဟု ခေါ်ရမည်နည်း။

တမန်တော်များ၏ယုံကြည်ခြင်းဆက်လက်တည်ရှိမှုကြောင့်တဟုန်ထိုးတိုးတက်လာ ခြင်းဖြစ်သည်။ (တမန် ၂း၄၂–၄၇)

၂။ ဤအမှုကြောင့် အသင်းတော်သည် မည်ကဲ့သို့လျှင်မြန်စွာတိုးတက်ခဲ့သနည်း။

''ကယ်တင်ခြင်းသို့ရောက်သောသူတို့ကိုလည်း နေ့စဉ်မပြတ်သခင်ဘုရားသည် သင်းဝင်စေတော်မူ၏။'' (တမန် ၂း၄၇(ခ))

၃။ ဗိမာန်တော်တံခါးဝတွင် မည်သည့်အံ့ဩဖွယ်နိမိတ်လက္ခဏာဖြစ်ပျက်ခဲ့သနည်း။

မွေးစကတည်းကခြေထောက်မသန်စွမ်းသောသူကျန်းမာခြင်းရရှိခဲ့သည်။(တမန်၃း၁–၈)

၄။ ဗိမာန်တော်တံခါးဝတွင်ခြေထောက်မသန်စွမ်းသောသူသည်မည်သို့ကျန်းမာခဲ့သနည်း။

ပေတရုက ''နာဇရက်မြို့သားယေရှုခရစ်၏နာမတော်အားဖြင့်ထ၍လှမ်းသွားလော့'' ဟုမိန့်တော်မူခဲ့သည်။ (တမန် ၃း၆)

၅။ ခြေထောက်မသန်စွမ်းသောသူကျန်းမာခြင်းအားဖြင့် လူတွေစိတ်မည်သို့ဖြစ်ခဲ့သနည်း။

သူတို့သည် အလွန်အံ့ဩခြင်းရှိကြပြီး၊ပေတရုဟောပြောသောဒေသနာကိုနားထောင်ခဲ့ကြသည်။ (တမန် ၃း၉–၁၂)

၆။ ခြေထောက်မသန်စွမ်းသောသူကျန်းမာခြင်းနိမိတ်လက္ခဏာကို ပေတရုက မည်သို့ရှင်းပြခဲ့သနည်း။

ထိုနိမိတ်လက္ခဏာသည် အသက်ရှင်တော်မူသောသခင်ယေရှုပြုသောနိမိတ်လက္ခဏာဖြစ်သည်။ (တမန် ၃း၁၂–၁၆)

၇။ ပေတရုဟောပြောသောတရားအားဖြင့် အရာရှိများစိတ်မည်သို့ထိခိုက်ခဲ့သနည်း။

သူတို့သည်အလွန်စိတ်ဆိုးခဲ့ကြပြီး၊ ပေတရုကိုထောင်ထဲသို့လှောင်ထားခဲ့ကြသည်။ (တမန် ၄း၁–၃)

၈။ နောက်တနေ့တွင် ပေတရုနှင့်ယောဟန်တို့သည် ဤအရာရှိများထံမည်သည့်အရာပြောခဲ့သနည်း။

သခင်ယေရှု၏နာမတော်အကြောင်းဟောပြောခြင်းရပ်တန့်မည်မဟုတ်ကြောင်းပြော ခဲ့ သည်။ (တမန် ၄း၁၈–၂၀)

၉။ တမန်တော်တို့သည် ထောင်ထဲမှလွတ်လာကြသောအခါ မည်သည့်အရာပြုလုပ်ခဲ့ကြသနည်း။

ဖြစ်ပျက်သောအရာဟူသမျှယုံကြည်သူများထံသတင်းပို့ခဲ့ကြသည်။ (တမန် ၄း၂၃)

၁၀။ ယုံကြည်သူများဆုတောင်းသံကို ဘုရားသခင်က မည်သို့နားညောင်းခဲ့သနည်း။

သူတို့နေသောနေရာသည် တုန်လှုပ်ပြီး၊ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခဲ့ကြသည်။ (တမန် ၄း၃၁)

ရွှေကျမ်းချက်။ ။ ''ယုံကြည်သောသူအပေါင်းတို့သည်စိတ်နှလုံးတညီတညွတ်တည်းရှိကြ၍၊အဘယ်သူမျှမိမိဥစ္စာတစုံတခုကိုငါ့ဥစ္စာဟူ၍မဆိုဘဲလျက်၊ရှိသမျှသောဥစ္စာတို့ကိုဆက်ဆံသဖြင့်သုံးဆောင်ကြ၏။ သခင်ယေရှုထမြောက်တော်မူခြင်းအကြောင်းကို တမန်တော်တို့ သည်ကြီးသောတန်ခိုးနှင့်သက်သေခံ၍၊ ထိုသူအပေါင်းတို့သည် ကြီးသောကျေးဇူးတော်နှင့် ပြည့်စုံကြ၏။ ''(တမန် ၄း၃၂–၃၃)



သင်ခန်းစာ ၁၈

## ကနဦးအသင်းတော်များ၌ပြဿနာများ

## တမန် ၅–၇

၁။ ကနဦးယုံကြည်သူများတွင် အပြစ်တရားသည်မည်သို့ထင်ရှားခဲ့သနည်း။

အာနနိနှင့်ရှဖိရေတို့သည် တမန်တော်များနှင့်ဘုရားသခင်ကို လိမ်လည်ခဲ့ကြသည်။ (တမန်၅း၁–၄)

၂။ အာနနိနှင့်ရှဖိရေတို့သည် မည်သို့ပြစ်ဒဏ်ခံခဲ့ကြသနည်း။

သူတို့သည် တမန်တော်များရှေ့မှောက်တွင်လဲသေခဲ့ကြသည်။(တမန် ၅း၅–၁၀)

၃။ ဘုရားသခင်က သူ၏တန်ခိုးတော်ကို တမန်တော်များအားဖြင့်မည်သို့ပြသခဲ့သနည်း။

ပေတရု၏ကိုယ်ယောင်အပါအဝင် တမန်တော်များအားဖြင့် များစွာသောသူတို့သည် ကျန်းမာခြင်းရရှိခဲ့ကြသည်။ (တမန် ၅း၁၂–၁၆)

၄။ တမန်တော်များပြုသောနိမိတ်လက္ခဏာအပေါ်အရာရှိများက မည်သို့တုံ့ပြန်ခဲ့သနည်း။

သူတို့သည် အလွန်စိတ်ဆိုးခဲ့ကြပြီး၊ တမန်တော်များကို တဖန်ထောင်ထဲသို့သိုလှောင်ခဲ့ကြသသည်။ (တမန် ၅း၁၇–၁၈)

၅။ တမန်တော်များသည် ထောင်ထဲမှမည်သို့လွတ်မြောက်ခဲ့ကြသနည်း။

ဘုရားသခင်၏ကောင်းကင်တမန်များက သူတို့ကိုလွတ်မြောက်စေခဲ့သည်။(တမန် ၅း၁၉–၂၀)

၆။ ခရစ်တော်၏နာမတော်အကြောင်းကို မဟောရန်တားမြစ်သောအခါ တမန်တော်များက မည်သို့တုံ့ပြန်ခဲ့ကြသနည်း။

သူတို့က''လူ၏စကားထက်ဘုရားသခင်၏စကားတော်ကိုနားထောင်သင့်ပါ၏''ဟု တုံ့ပြန်ခဲ့ကြသည်။ (တမန် ၅း၂၉)

၇။ အသင်းတော်တွင် အခြား မည်သည့်ပြဿနာကို ပေါ်ပေါက်ခဲ့သနည်း။

ဟေလေနစ်ဆင်းရဲသားမုဆိုးမများအတွက် အစာကောင်းမွန်စွာ ပြင်ဆင်ထားခြင်းမရှိတော့ပေ။ (တမန် ၆း၁)

၈။ ဆင်းရဲသားများကူညီရန် ဘုရားသခင်က မည်သည့်လုပ်ငန်းကို ပြင်ဆင်ပေးခဲ့သနည်း။

အသင်းတော်ကိစ္စဆောင်ရွက်ရန် သင်းထောက်လူကြီးခုနစ်ယောက်ကို ပြင်ဆင်ပေးခဲ့သည်။ (တမန် ၆း၂–၆)

၉။ သင်းထောက်လူကြီးတစ်ယောက် သတေဖန်အပေါ်မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။

ဆိုးသောယုဒလူများကသူ့ကို ဘုရားသခင်၏နာမတော်ကို စော်ကားသူအဖြစ်စွပ်စွဲကာ ကျောက်ခဲဖြင့်သတ်ခဲ့ကြသည်။ (တမန်၆း၈–၁၅၊ ၇း၅၄–၆၀)

၁၀။ သတေဖန်အသတ်ခံသည့်အချိန်တွင် မည်သူသည် သူ့နားတွင်ရှိခဲ့သနည်း။

နောက်ပိုင်းတွင်ပေါလုဟုခေါ်သော တာရှုမြို့သား ရှောလုဖြစ်သည်။ (တမန် ၇း၅၈၊ ၈း၁ (က)၊ ၂၂း၁၂–၁၃၊ ၂၀)

ရွှေကျမ်းချက်။ ။''ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့၏ပတ်လည်၌ကောင်းကင်တမန်တော်တို့သည်တပ်ချ၍ ကယ်လွတ်တတ်ကြ၏။'' (ဆာလံ ၃၄း၇)



Copyright © Gratia Dei Sola Media

သင်ခန်းစာ ( ၁၉ )

## အသင်းတော်ညှင်းပန်းနှိပ်စက်ခြင်း

### တမန် ၈–၁၀

၁။ သတေဖန်အသေခံခဲ့ပြီးနောက် မည်သည့်အရာက လိုက်လာခဲ့သနည်း။
ယေရုရှလင်မြို့တွင် အသင်းတော်ကိုညှင်းပန်းနှိပ်စက်ခြင်းပို၍ပြင်းထန်လာခဲ့သည်။
(တမန် ၈း၁)
၂။ အသင်းတော်ညှင်းပန်းနှိပ်စက်ခြင်းကြောင့် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ယုံကြည်သူများသည် ယုဒပြည်နှင့်ရှမရိပြည်များသို့ပျံ့နှံ့သွားခဲ့သည်။(တမန်၈း၃–၄)
၃။ သတင်းကောင်းဝေမျှရန် ရှမရိမြို့ မည်သူ့ကိုစေလွှတ်ခဲ့သနည်း။
သင်းထောက်လူကြီးဖိလိပ္ပုကို စေလွှတ်ခဲ့သည်။(တမန် ၈း၅–၁၃)
၄။ ဝိညာဉ်တော်ကဖိလိပ္ပုကို ဂါဇမြို့သို့စေလွှတ်သောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
အဲသယောပိပြည်သားတစ်ယောက်ပြောင်းလဲ၍နှစ်ခြင်းခံခဲ့သည်။(တမန် ၈း၂၆–၃၈)
၅။ ရှောလုသည် အဘယ်ကြောင့် ဒမာသက်မြို့သို့သွားခဲ့သနည်း။
ထိုနေရာတွင်ရှိသောယုံကြည်သူများသတ်ဖြတ်ရန်ဖြစ်သည်။(တမန် ၉း၁–၂)
၆။ ရှောလုသည် ဒမာသက်မြို့သို့သွားသောလမ်းတွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
အသက်ရှင်သောယေရှုဘုရားသည် သူ့ထံထင်ရှားခဲ့သည်။ (တမန် ၉း၃–၉)
၇။ ဒမာသက်မြို့သို့သွားသောလမ်းတွင် သခင်ယေရှုသည် အဘယ်ကြောင့်ရှောလုထံထင်
ရှားခဲ့သနည်း။
တပါးအမျိုးသားများအတွက် တမန်တော်နှင့်သာသနာပြုသူဖြစ်ရန် အတွက်ဖြစ်သည်။
(တမန်၉း၆၊ ၁၀–၂၀)
၈။ ဘုရားသခင်က ပေတရုအားမည်သည့်ရူပါရုံကိုပေးခဲ့သနည်း။
ချုံထည်ထဲတွင်ခင်းထားသောမသန့်ရှင်းသောတိရိစ္ဆာန်သားများကို မြင်စေခဲ့သည်။
(တမန် ၁၀း၈–၁၇)
၉။ ပေတရုမြင်သောရူပါရုံသည် မည်သည့်အရာကိုဆိုလိုသနည်း။
ကယ်တင်ခြင်းသတင်းကောင်းသည် ယုဒလူမျိုးနှင့်တပါးအမျိုးသားများအတွက်ဖြစ်သည်
ကို ဆိုလိုသည်။ (တမန် ၁၀း၁၅၊ ၃၄–၃၅၊ ၁၅း၆–၇)
၁၀။ ဤအကြောင်းကို အဘယ်ကြောင့်ပေတရုထံထင်ရှားခဲ့သနည်း။
သူသည် ကဲသရိမြို့တပါးအမျိုးသား၊ကော်နေလိထံနှုတ်ကပတ်တော်ဝေငှရန်သွားရမည်
ဖြစ်သောကြောင့်ဖြစ်သည်။ (တမန် ၁၀း၁၇–၃၅)

ရွှေကျမ်းချက်။ ။‘‘ခရစ်ယာန်ဖြစ်သောကြောင့်ခံရလျှင်မူကား၊ရှက်ကြောက်ခြင်းမရှိစေနှင့်။ ထိုအမှုကြောင့်ခံရလျှင် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းစေ။’’ (၁ပေ ၄း၁၆)



သင်ခန်းစာ ( ၂၀ )

## အန္တိအုတ်မြို့ရှိအသင်းတော်

### တမန်တော် ၁၁–၁၂

၁။ အန္တိအုတ်မြို့တွင်ရှိသောအသင်းတော်သည်အဘယ်ကြောင့်အရေးကြီးသနည်း။
အန္တိအုတ်မြို့သည် သာသနာလုပ်ငန်းအတွက်အချက်အချာကျသောနေရာဖြစ်သော
ကြောင့်ဖြစ်သည်။ (တမန် ၁၁း၂၀–၂၇)
၂။ ယေရုရှလင်မြို့မှအန္တိအုတ်မြို့သို့ မည်သူ့ကိုစေလွှတ်ခဲ့သနည်း။
အသီးများစွာသီးရန်ကြိုးပမ်းလုပ်ဆောင်သောဗာနဗကိုစေလွှတ်ခဲ့သည်။(တမန်၁၁း၂၂–၂၄)
၃။ ဤအချိန်တွင် ဟေရုဒ်မင်းကြီးသည် အသင်းတော်ကို မည်သို့သတ်ဖြတ်ရန်အစပြုခဲ့
သနည်း။
သူသည်ယာကုပ်ကိုသတ်၍ပေတရုကိုထောင်ထဲသို့သိုလှောင်ထားခဲ့သည်။(တမန်၁၂း၁–၅)
၄။ ထိုအချိန်တွင် ပေတရုသည် အသတ်ခံခဲ့သလား။
ဘုရားသခင်က သူ့ကိုထောင်ထဲမှကယ်နှုတ်သွားခဲ့သည်။(တမန် ၁၂း၆–၁၂)
၅။ ဘုရားသခင်က ဆိုးသောဟေရုဒ်မင်းကြီးကို မည်သို့ဒဏ်ခတ်ခဲ့သနည်း။
ဘုရားသခင်သည်သူ့ကိုသတ်ရန်ကောင်းကင်တမန်များကိုစေလွှတ်က သန်ကောင်များ
ကသူ့ကိုကိုက်သတ်ခဲ့သည်။ (တမန် ၁၂း၂၃)
၆။ ဘုရားသခင်သည် အဘယ်ကြောင့်ဟေရုဒ်မင်းကြီးကိုဒဏ်ခတ်ခဲ့သနည်း။
လူများထံသူသည် ဘုရားဖြစ်သည်ဟုပြောသောကြောင့်ဖြစ်သည်။(တမန်၁၂း၁၉–၂၃)
၇။ ယုဒပြည်တွင်ရှိသောယုံကြည်သူများကို အန္တိအုတ်မြို့အသင်းတော်ကမည်သို့ကူညီခဲ့
သနည်း။
အစာခေါင်းပါးခြင်းကာလတွင် သူတို့အတွက်ငွေကြေးပို့ပေးခဲ့သည်။(တမန်၁၁း၂၈–၃၀)
၈။ ဤအချိန်တွင်အသင်းတော်သည် မည်သို့ဖြစ်သည်ဟု ကျွန်ုပ်တို့ဖတ်ရှုနိုင်ကြသနည်း။
နှုတ်ကပတ်တော်အားဖြင့်အသင်းတော်သည် တိုးပွါးလျက်ရှိသည်။(တမန် ၁၁း၂၀–
၂၄၊ ၁၂း၂၄)
၉။ ယေရုရှလင်မြို့တွင် ဗာနဗနှင့်ပေါလုတို့ကို မည်သူကပြုစုခဲ့သနည်း။
မာကုအမည်သစ်ကိုရသောယောဟန်က ပြုစုခဲ့သည်။ (တမန် ၁၂း၂၅)
၁၀။ပထမသာသနာခရီးစဉ်သွားရန် မည်သူကဗာနဗနှင့်ပေါလုကို စေလွှတ်ခဲ့သနည်း။
အန္တိအုတ်မြို့ရှိအသင်းတော်အားဖြင့်သန့်ရှင်းသောဝိညာဉ်တော်ကစေလွှတ်ခဲ့သည်။(တမန်
၁၃း၁–၄)

ရွှေကျမ်းချက်။ ။‘‘သင်တို့မူကား၊မှောင်မိုက်ထဲမှအံ့ဘွယ်သောအလင်းတော်သို့ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကိုဘော်ပြစေခြင်းငှါ၊ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ် ရှိသောယဇ်ပုရောဟိတ်မျိုး၊သန့်ရှင်းသောလူမျိုး၊ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ ၏။’’ (၁ပေ ၂း၉)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ ( ၂၁ )

# ပထမသာသနာခရီးစဉ်

## တမန် ၁၃–၁၅

၁။ ရှင်ပေါလုက သူ၏သာသနာလုပ်ငန်းကိုမည်သို့လုပ်ဆောင်ခဲ့သနည်း။
ပေါလုသည် အရင်ဦးဆုံးယုဒလူများနှင့်နောက်ပိုင်းတွင်တပါးအမျိုးသားများထံ တရားဟောခဲ့သည်။ (တမန် ၁၃း၄၂၊ ၄၄–၄၆၊ ၁၄း၁)

၂။ ကုပရုကျွန်းတွင် မည်သူက ပေါလုကို ဆန့်ကျင်ခဲ့သနည်း။
နတ်ဝိဇ္ဇာအတတ်သမား ဗာယေရှုကပေါလုကိုဆန့်ကျင်ခဲ့သည်။(တမန်၁၃း၆–၁၂)

၃။ ဗာယေရှုက ပေါလုကို မည်သို့ဆန့်ကျင်ခဲ့သနည်း။
မြို့ဝန်ကိုယုံကြည်ခြင်းမှလွှဲရန် ဗာယေရှုကြိုးပမ်းခဲ့သည်။(တမန် ၁၃း၈)

၄။ ပံဖုလိပြည်တွင် မည်သူက ပေါလုနှင့်ဗာနဗတို့ကိုစွန့်ခွါခဲ့သနည်း။
ယေရုရှလင်မြို့သို့ပြန်သွားခဲ့သောယောဟန်ကစွန့်ခွါခဲ့သည်။(တမန် ၁၃း၁၃)

၅။ ဤသာသနာလုပ်ငန်းများသည် လွယ်ကူသောအလုပ်ဖြစ်သလား။
သူတို့သည် ဆိုးသောယုဒလူများက ညှဉ်းပန်းနှိပ်စက်ခဲ့သည်။(တမန်၁၃း၄၅၊ ၅၀၊ ၁၄း၂–၅၊ ၁၉)

၆။ မည်သူတွေက ပေါလုနှင့်ဗာနဗတို့ဟောပြောသောတရားကိုယုံကြည်ခဲ့သနည်း။
''ထာဝရအသက်ကိုရစေခြင်းငှါခန့်ထားတော်မူသောသူရှိသမျှတို့သည်ယုံကြည်ခြင်း သို့ရောက်ကြ၏။'' (တမန် ၁၃း၄၈)

၇။ လုတ္တရမြို့တွင် ပေါလုသည် ခြေမသန်စွမ်းသောသူတစ်ယောက်ကိုကျန်းမာစေသောအခါ လူတွေက မည်သည့်အရာကို ပြုလုပ်ခဲ့ကြသနည်း။
လူတွေ့ကတမန်တော်များကို ဘုရားကဲ့သို့ကိုးကွယ်ခဲ့ကြသည်။(တမန်၁၄း၁၁–၁၈)

၈။ ပေါလုနှင့်ဗာနဗတို့သည် အန္တိအုတ်မြို့သို့အပြန်လမ်းတွင် မည်သည့်အရာပြုခဲ့ကြသနည်း။
သူတို့တည်ထောင်ခဲ့သောအသင်းတော်များသို့သွားရောက်ကာသူတို့သည်ယုံကြည်ခြင်း၌ခိုင်မြဲရန်နှင့်ဆက်လက်ယုံကြည်ခြင်းရှိရန်တိုက်တွန်းခဲ့ကြသည်။(တမန်၁၄း၂၆–၂၈)

၉။ ယုဒလူမျိုးနှင့်တပါးအမျိုးသားယုံကြည်သူများအကြားဘာပြသနာဖြစ်ပေါ်ခဲ့သနည်း။
သူတို့သည် အသင်းတော်တွင် ဥပဒေအကြောင်းနှင့်အရေဖျားလှီးခြင်းအကြောင်းကို ငြင်းခုံခဲ့ကြသည်။(တမန် ၁၅း၁၊ ၅၊၂၄)

၁၀။ ယေရုရှလင်မြို့တွင် ဤကိစ္စကိုဆွေးနွေးသောအခါ မည်သို့ဆုံးဖြတ်ချက်ချခဲ့သနည်း။
တပါးအမျိုးသားတို့သည် အရေဖျားလှီးခြင်းမလိုအပ်ဟုဆုံးဖြတ်ခဲ့ကြသည်။(တမန် ၁၅း၂၂–၂၉)

ရွှေကျမ်းချက်။ ။''ဘုရားသခင်ကိုချစ်သောသူတည်းဟူသောကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏အကျိုးကိုခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်းပြုစုကြသည်ကို ငါတို့သိကြ၏။'' (ရောမ ၈း၂၈)



## သင်ခန်းစာ ( ၂၂ )

# ဒုတိယသာသနာခရီးစဉ်

## တမန် ၁၆

၁။ ဒုတိယသာသနာခရီးစဉ်တွင်ဗာနဗသည်အဘယ်ကြောင့်ပေါလုနှင့်မလိုက်လာခဲ့သနည်း။
ယောဟန်ခေါ်လာခြင်းအကြောင်းနှင့်ပတ်သက်၍သဘောထားကွဲလွဲမှုရှိသောကြောင့်ဖြစ်သည်။ (တမန် ၁၅း၃၆–၄၀)

၂။ ဤခရီးစဉ်တွင် ပေါလုသည် သူတစ်ဦးတည်းခရီးနှင်ခဲ့သလား။
ဗာနဗသည် မာကုကိုခေါ်ပြီး၊ပေါလုသည် သိလနှင့်မတူခရီးထွက်ခဲ့သည်။(တမန်၁၅း၃၆–၄၀)

၃။ လုတ္တရမြို့မှပေါလုသည် မည်သူနှင့်အတူခရီးထွက်ခဲ့သနည်း။
သစ္စာရှိသောသူ့ကိုကူညီသူတိမောသေနှင့်အတူခရီးထွက်ခဲ့သည်။(တမန်၁၆း၁–၃၊၁ကော ၄း၁၇)

၄။ ထရောမြို့တွင် ပေါလုသည် မည်သည့်ရူပါရုံကိုမြင်တွေ့ခဲ့သနည်း။
မာကေဒေါနိလူတယောက်က ''မာကေဒေါနိပြည်သို့ကူးပါ။ငါတို့ကိုမစပါ''ဟူသောရူပါရုံကို မြင်တွေ့ခဲ့သည်။(တမန် ၁၆း၉)

၅။ ပေါလုမြင်တွေ့သောရူပါရုံသည် မည်သည့်အရာကိုဆိုလိုသနည်း။
မာကေဒေါနိပြည်သို့ဧဝံဂေလိတရားဝေငှရန်သန့်ရှင်းသောဝိညာဉ်တော်က သူ့ကို ခေါ်ခြင်းဖြစ်သည်။ (တမန်၁၆း၁၀–၁၅)

၆။ ဖိလိပ္ပိမြို့၌ပထမဦးဆုံးပြောင်းလဲသောသူသည် မည်သူဖြစ်သနည်း။
ဘုရားသခင်နှလုံးသားဖွင့်ပေးခဲ့သော လုဒိဖြစ်သည်။(တမန် ၁၆း၁၄–၁၅)

၇။ ပေါလုနှင့်သိလတို့သည် ဖိလိပ္ပိမြို့တွင် မည်သို့နှိပ်စက်ခြင်းခံခဲ့ရသနည်း။
သူတို့သည် အမျိုးသမီးတစ်ဦးထဲမှဝိညာဉ်ဆိုးများကိုနှင်ထုတ်သောအခါ လူတွေက သူတို့ကို ရိုက်၍ထောင်ထဲသို့လှောင်ထားခဲ့ကြသည်။(တမန် ၁၆း၁၆–၂၄)

၈။ ပေါလုနှင့်သိလတို့သည် ထောင်ထဲတွင်နေစဉ်မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ပေါလုနှင့်သိလတို့သည် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းနေစဉ် မြေငလျင်လှုပ်၍ ထောင်တံခါးများကို အံ့သြဖွယ်ကောင်းစွာဖြင့်ဖွင့်ခဲ့သည်။ (တမန် ၁၆း၂၅–၂၈)

၉။ ထောင်မှူးက ပေါလုနှင့်သိလတို့ထံမည်သည့်အရာကိုတောင်းဆိုခဲ့သနည်း။
''သခင်၊ကျွန်ုပ်တို့ကယ်တင်ခြင်းသို့ရောက်အံ့သောငှါ အဘယ်သို့ပြုရမည်နည်း'' (တမန် ၁၆း၃၀)

၁၀။ ပေါလုက ထောင်မှူးအားမည်သို့ဖြေကြားခဲ့သနည်း။
''သခင်ယေရှုကိုယုံကြည်လော့။ယုံကြည်လျှင် သင်၏အိမ်သူအိမ်သားအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်။'' (တမန် ၁၆း၃၁)

ရွှေကျမ်းချက်။ ။''ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ယှက်ညှဉ်းဆဲခြင်း ကိုခံရသောသူတို့သည်မင်္ဂလာရှိကြ၏။အကြောင်းမူကား၊ ကောင်းကင်နိုင်ငံသည် ထိုသူတို့၏နိုင်ငံဖြစ်၏။ငါ့ကြောင့်သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲ၍မမှန်ဘဲလျက်အပြစ်တကာတင်ကြ သောအခါ၊သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူ ကား၊ ကောင်းကင်ဘုံ၌သင်တို့၏အကျိုးသည်ကြီးလှပေ၏။ သင်တို့ရှေ့ကပေါ်ထွန်းသော ပရောဖက်တို့ကိုထိုနည်းတူညှဉ်းဆဲကြပြီ။''(မဿဲ ၅း၁၀–၁၂)



Copyright © Gratia Dei Sola Media

သင်ခန်းစာ ( ၂၃ )

## ဒုတိယအကြိမ်သာသနာခရီးစဉ်

## တမန် ၁၇–၁၈

၁။ သက်သာလောနိတ်မြို့တွင်ယုဒမယုံကြည်သူများသည် မည်သည့်အရာကိုပြုခဲ့ကြသနည်း။
တမန်တော်များကိုသတ်ဖြတ်ရန် ယုဒလူမျိုးများက ဆိုးသောသူများကို သွေးထိုးခဲ့ကြသည်။ (တမန် ၁၇း၁–၉)

၂။ သက်သာလောနိတ်မြို့မှပေါလုသည် မည်သည့်နေရာသို့သွားရောက်ခဲ့သနည်း။
နှုတ်ကပတ်တော်ကို သူတို့၏စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ရန်အဆင်သင့်ဖြစ်၍ သူတို့သွန်သင်သောတရားတော်များ၌ကြီးထွားရန်နေ့တိုင်းကြိုးပမ်းသောသူများရှိရာ ဗေရိမြို့သို့သွားခဲ့သည်။ (တမန် ၁၇း၁၀–၁၂)

၃။ ပေါလုသည် အဘယ့်ကြောင့်ဗေရိမြို့မှထွက်ခွါခဲ့သနည်း။
သက်သာလောနိတ်မြို့မှလူများရောက်လာ၍ပေါလုကိုဆန့်ကျင်ရန် သွေးထိုးခဲ့ကြသောကြောင့်ဖြစ်သည်။ (တမန် ၁၇း၁၃–၁၄)

၄။ အာသင်မြို့သားများက ပေါလုဟောပြောသောဒေသနာကိုမည်သို့လက်ခံခဲ့သနည်း။
ရှင်ပြန်ထမြောက်ခြင်းအကြောင်းဟောပြောသောအခါ များစွာသောသူတို့သည် သူ့ကိုသရော်ခဲ့ကြသည်။ (တမန် ၁၇း၁၅–၂၀၊ ၃၂)

၅။ သူသည် အာသင်မြို့မှ မည်သည့်နေရာသို့သွားရောက်ခဲ့သနည်း။
သူတစ်နှစ်နှင့်ခြောက်လအလုပ်လုပ်ခဲ့သောနေရာ ကောရိန္သုမြို့သို့သွားခဲ့သည်။(တမန် ၁၈း၁၊ ၁၁)

၆။ အာကုလနှင့်ပြစ်ကိလတို့သည် မည်သူတွေဖြစ်ခဲ့ကြသနည်း။
ကောရိန္သုမြို့တွင် ပေါလုနှင့်အတူတဲချုပ်သောသူများဖြစ်ကြသည်။(တမန်၁၈း၂–၃)

၇။ တမန်တော်တို့သည် ကောရိန္သုမြို့တွင်ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသလား။
ထိုမြို့တွင် ဘုရားသခင်ကသူရွေးကောက်သောလူများရှိသောကြောင့် သူတို့သည် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်။ (တမန် ၁၈း၄–၁၀)

၈။ ကောရိန္သုမြို့တွင်ရှိသောယုံကြည်သူများသည် မည်သူတွေဖြစ်ကြသနည်း။
ကရိပ္ပုမည်ရှိသောတရားဇရပ်မှူးနှင့်သူ၏အိမ်သူအိမ်သားများဖြစ်ကြသည်။(တမန် ၁၈း၈)

၉။ ပေါလုသည် ကောရိန္သုမြို့မှမည်သည့်နေရာသို့သွားခဲ့သနည်း။
သူသည် အမြို့မြို့အနယ်နယ်ကိုဖြတ်သန်းကာ ကောရိန္သုမြို့သို့ ပင်တေကုတ္တေပွဲတော်ကျင်းပရန်သွားခဲ့သည်။(တမန်၁၈း၁၈–၂၃)

၁၀။ ဤဒုတိယသာသနာခရီးစဉ်အကြောင်းကို သင်မည်သို့ပြောနိုင်မည်နည်း။
ဥရောပတခွင်လုံးသို့ဧဝံဂေလိတရားတော်ပျံ့နှံ့သွားစေခဲ့သည်။(တမန် ၁၆း၉၊ ၁၇း၁–၁၅၊ ၁၈း၁)

ရွှေကျမ်းချက်။ ။''ငါသည်ခရစ်တော်၏ဧဝံဂေလိတရားကြောင့်၊ ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရားသည်ရှေ့ဦးစွာ၌ ယုဒလူ၊ နောက်၌ဟေလသလူ၊ ယုံကြည်မှုသောသူအပေါင်းတို့ကိုကယ်တင်စေသောဘုရားသခင်၏တန်ခိုးတော်ဖြစ်၏။''(ရောမ၁း၁၆)



သင်ခန်းစာ ( ၂၄ )

## တတိယသာသနာခရီးစဉ်

## တမန် ၁၉–၂၂

၁။ ဤတတိယသာသနာခရီးစဉ်တွင် ပေါလုသည် မည်သည့်နေရာတွင်အချိန်အများစုအသုံးပြုခဲ့သနည်း။
သူသုံးနှစ်ပတ်လုံးကြိုးပမ်းခဲ့သော ဧဖက်မြို့တွင် အသုံးပြုခဲ့သည်။(တမန် ၁၉း၁၊ ၈–၁၀၊ ၂၀း၃၁)

၂။ ပေါလုသည် ဧဖက်မြို့တွင် တရားဟောခြင်းအပြင်အခြားအလုပ်လုပ်ခဲ့သလား။
သူသည် အခြားသောအံ့ဩဘွယ်နိမိတ်လက္ခဏာများကိုလည်းပြုခဲ့သည်။(တမန် ၁၉း၁၁–၁၂)

၃။ သူသည် ဧဖက်မြို့တွင်နေစဉ် မည်သည့်သတင်းဆိုးကိုကြားခဲ့သနည်း။
ကောရိန္သုမြို့တွင်ရှိသောအသင်းတော်ပြဿနာကိုကြားခဲ့သည်။ (တမန် ၁၉း၂၁–၂၂)

၄။ ပေါလုသည် အဘယ်ကြောင့်ဧဖက်မြို့မှထွက်ခွါခဲ့သနည်း။
အာတေမိခေါ်ပန်းတိမ်သများက သူ့ကိုကြိမ်းမောင်းပြောဆိုသောကြောင့်ဖြစ်သည်။ (တမန် ၁၉း၂၃–၂၀း၁)

၅။ ထရောမြို့တွင် ပေါလုသည် မည်သည့်နိမိတ်လက္ခဏာကို ပြုလုပ်ခဲ့သနည်း။
သူတရားဟောနေစဉ် အိပ်ပျော်၍အိမ်သုံးဆင့်မှကျကာသေနေသောသူကို ထမြောက်စေခဲ့သည်။ (တမန် ၂၀း၆–၁၂)

၆။ ပေါလုသည် မိလက်မြို့၌မည်သူနှင့်တွေ့ဆုံခဲ့သနည်း။
ဧဖက်မြို့တွင်ရှိသောသင်းထောက်လူကြီးများနှင့်တွေ့ဆုံခဲ့သည်။(တမန် ၂၀း၁၆–၁၇)

၇။ ပေါလုသည် ဧဖက်မြို့ရှိသင်းထောက်လူကြီးများကို မည်သည့်အရာသတိပေးခဲ့သနည်း။
သူထွက်ခွါသွားပြီးနောက် ဆိုးသောဝံပုလွေများသည် သိုးများကို မညှာသာဘဲ သူတို့အထဲသို့ဝင်ရောက်လိမ့်မည်ဟု သတိပေးခဲ့သည်။(တမန် ၂၀း၁၈–၃၅)

၈။ ပရောဖက်အာဂဗုက ပေါလုအကြောင်းကို မည်သို့ကြိုပြောခဲ့သနည်း။
ယေရုရှလင်မြို့တွင်ယုဒလူများကပေါလုကိုချည်နှောင်ကြလိမ့်မည်။(တမန်၂၁း၁၀–၁၂)

၉။ ပေါလုသည် ယေရုရှလင်မြို့သို့သွားရန် ကြောက်ခဲ့သလား။
သူသည် ''သခင်ယေရှု၏နာမတော်ကြောင့်ယေရုရှလင်မြို့၌ချည်နှောင်ခြင်းမက၊အသေသတ်ခြင်းကိုပင်ခံခြင်းငှါငါအသင့်ရှိသည်''ဟုဆိုခဲ့သည်။(တမန် ၂၁း၁၃)

၁၀။ လူတွေက သူ့ကိုသတ်ရန်ရှာကြသောအခါ ပေါလုအပေါ်မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ရောမစစ်ဗိုလ်ကြီးအားဖြင့်သူသည် ဆိုးသောယုဒလူများမှလွတ်မြောက်ခြင်းရရှိခဲ့သည်။ (တမန် ၂၁း၃၀–၃၆)

ရွှေကျမ်းချက်။ ။''အဘယ်သူကိုငါယုံကြည်သည်ဟုငါသိ၏။သူ၌ငါအပ်ထားသောအရာကိုလည်း၊ ထိုနေ့ရက်တိုင်အောင်စောင့်နိုင်တော်မူမည်ဟုငါသဘောကျ၏။''(၂တိ ၁း၁၂(ခ))



Copyright © Gratia Dei Sola Media

သင်ခန်းစာ ( ၂၅ )

# ပေါလု၏ထောင်ကျခြင်းနှင့်ရောမမြို့သို့သွားခြင်း

## တမန် ၂၂–၂၈

၁။ ပေါလုသည် ယေရုရှလင်မြို့တွင် ထောင်သားတစ်ယောက်အဖြစ်သေဆုံးခဲ့သလား။
ယုဒလူများသတ်ဖြတ်ခြင်းမှလွတ်မြောက်ရန်ကဲသရိမြို့သို့ထွက်ပြေးခဲ့သည်။(တမန်၂၃း၁၁–၃၃)
၂။ ကဲသရိမြို့တွင် ပေါလုအပေါ်မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
မြို့ဝန်မင်းဖိလိတ်ရှေ့မှောက်တွင် သူ့ကိုချုပ်နှောင်ထားကြသည်။(တမန် ၂၃း၃၃၊ ၂၅း၂၂)
၃။ မြို့ဝန်ဖိလိတ်မင်းသည် ပေါလုကို လွှတ်ခဲ့သလား။
အဂြိပ္ပမင်းနှင့်ဗေရနိတ်မင်းတို့ရှေ့တွင်သူ့ကိုချုပ်နှောင်ထားခဲ့သည်။(တမန် ၂၅း၂၃–၂၆း၃၂)
၄။ ပေါလုကိုအဘယ်ကြောင့်ရောမမြို့သို့ပို့ခဲ့ရသနည်း။
သူကကဲသရိမြို့ဝန်ထံအသနားခံတောင်းခဲ့သောကြောင့်ဖြစ်သည်။(တမန်၂၆း၃၂–၂၇း၁)
၅။ ရောမမြို့သို့သွားသောအခါ ပေါလုသည် မည်သို့ဒုက္ခခံခဲ့သနည်း။
ကရေတေကျွန်းတွင်ပေါလုသည် သင်္ဘောပျက်ခြင်းကိုခံခဲ့ရသည်။(တမန် ၂၇း၃၇–၂၈း၁)
၆။ ပေါလုသည် ရောမမြို့တွင် အကျဉ်းခံစဉ်မည်သည့်အရာပြုလုပ်ခဲ့သနည်း။
သူပိုင်ဆိုင်သောအိမ်တွင် ဧဝံဂေလိတရားဟောခဲ့သည်။(တမန်၂၈း၃၀–၃၁)
၇။ ရောမမြို့တွင် ပေါလုတရားဟောခြင်းအားဖြင့်မည်သည့်အကျိုးဖြစ်ထွန်းခဲ့သနည်း။
ကဲသရိအိမ်သူအိမ်သားများအပါအဝင် လူအချို့တို့ကယုံကြည်ခဲ့ကြသည်။(ဖိ ၁း၁၂–၁၃၊ ၄း၂၂)
၈။ ဤအကျဉ်းကျခြင်းတွင် ပေါလုသည် အသတ်ခံခဲ့သလား။
သူသည်လွှတ်မြောက်ခဲ့ကာ တိမောသေဩဝါဒစာပဌမစောင်နှင့်တိတုဩဝါဒစာကို စတုတ္ထသာသနာခရီးစဉ်တွင်ရေးသားခဲ့သည်။(၁တိ ၁း၃၊ ၃း၁၄၊ တိတု ၁း၅၊ ၃း၁၂[၁])
၉။ ပေါလုသည် သူ၏သာသနာလုပ်ငန်းကို မည်သို့အဆုံးသတ်ခဲ့သနည်း။
သူသည်ရောမမြို့တွင်ဒုတိယအကြိမ်အကျဉ်းခံ၍ တိမောသေဩဝါဒစာဒုတိယစောင် ကိုရေးခဲ့ပြီးနောက် အသတ်ခံခဲ့သည်။ (၂တိ ၁း၁၆–၁၇၊ ၂း၉[၂])
၁၀။ ပေါလုသည်သခင်ယေရှု၏အစေခံအဖြစ် သူ၏ကြိုးပမ်းအားထုတ်မှုများကို မည်သို့ နိဂုံးချုပ်ခဲ့သနည်း။
သူက ''ကောင်းစွာသောတိုက်လှန်ခြင်းကိုငါပြုပြီ။ပြေးရသောလမ်းကိုအဆုံးတိုင်အောင်ငါပြေးပြီ။ ယုံကြည်ခြင်းတရားကို ငါစောင့်ရှောက်ပြီ''ဟုဆိုခဲ့သည်။(၂တိ ၄း၇)

ရွှေကျမ်းချက်။ ။''သင်သည်ငါ၏သည်းခံခြင်းနှင့်စပ်ဆိုင်သောနှုတ်ကပတ်တရားကိုစောင့်ရှောက်သောကြောင့်၊မြေကြီးအပေါ်၌ရှိသောသူရှိသောသူတို့ကို စုံစမ်းစေခြင်းငှါ၊ လောကီနိုင်ငံအရပ်ရပ်တို့ကိုနှံ့ပြားလတံ့သောစုံစမ်းရာကာလတွင် သင့်ကိုငါစောင့်ရှောက်မည်။ ငါသည်အလျင်အမြန်ကြွလာမည်။ သင်၏သရဖူကိုအဘယ်သူမျှမယူစေခြင်းငှါ၊ရခဲ့ပြီးသောအရာကိုစွဲကိုင်လော့။'' (ဗျာဒိတ် ၃း၁၀–၁၁)

[၁] William Hendriksen,*Thessalonians, Timothy & Titus* (Baker 1979),25-28,39-40)

[၂] *ibid*,40



# Catechism Regime Guideline

1. **Toddler's Class** (understanding to 5 years old)
   a. Toddler's Catechism (52 Questions)
   b. My Bible Story Book by Dena Korfker (270 stories)
2. **Beginners I** (6/7 years old)
   a. Bible History Catechism – Beginners Book 1 of 3
   b. Bible History Catechism – Beginners Book 2 of 3
3. **Beginners II** (7/8 years old)
   a. Bible History Catechism – Beginners Book 3 of 3
   b. Catechism for Young Children – Intro to WSC
4. **Juniors I** (8/9 years old)
   a. Bible History Catechism – Juniors Book 1 of 2
   b. Bible History Catechism – Juniors Book 2 of 2
5. **Juniors II** (9/10 years old)
   Doctrine for Younger Children books A & B by James Beeke (20 lessons)
   Memory Verses / Character Building Supplement
6. **Seniors I** (10/11 years old)
   a. Bible History Catechism – Seniors Book 1 of 2
   b. Bible History Catechism – Seniors Book 2 of 2
7. **Seniors II** (11/12 years old)
   a. Westminster Shorter Catechism (107 Questions)
   b. Doctrinal Review
8. **Teens & Young Adults**
   Doctrine for Older Children books A & B by James Beeke (20 lessons)
   Westminster Confession of Faith

The above catechism class regime is for reference. It is adopted for use by Pilgrim Covenant Church since 1999. Parents and teachers may adjust the curriculum according to their needs.

Copyright © Gratia Dei Sola Media